www.dhammaransi.com

ဗုဒ္ဓသာသနာဘာရော အဝသံ ဝဟိတဗ္ဗော
"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# သာထွန်းပြန်း

၁၃၇၈ ခုနှစ်၊ ဝါဆို - ဝါခေါင်၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၊ အတွဲ (၂၁)၊ အမှတ် (၁၂)

ဝမ္ဗစာစောင်



www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

www.dhammaransi.com

# သာထွန်းပြန့် မဂ္ဂဇင်း

ဗုဒ္ဓသာသနာရေး အထူး ဆောင်းပါးများ

ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်

အတွဲ (၂၀)၊ အမှတ် (၁၂)၊ ၁၃၇၈ ခုနှစ်၊ ဝါဆို - ဝါခေါင်၊
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ

**နာယကကြီးများ**

သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး)
သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ဦးမိုးဇော်ရွှေ
ညွှန်ကြားရေးမှူးချုပ်၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

ဦးဘဟိန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**ပရ(ဖ်)အယ်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏
ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"အနတ္တလက္ခဏအခါတော်နေ့"

၇ စာတည်းအာဘော်
"ရဟန်းသံဃာနှင့် ဝိနည်းကျင့်ဝတ် မင်းနှင့်ပြည်သူ ညီတူ
တာဝန်ယူကြလျှင် သာသနာရေရှည်တည်တံ့ပါမည်"

၉ ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်း အမှတ်
စဉ် (၂၆) သင်တန်းဆင်းပွဲတွင် သ-ထ-ပ ဒုတိယ
ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၏ လျှောက်ထားလွှာ

၁၃ ငါးပါးဝတ်မချွတ်ထာဝစဉ် — မောင်သောင်း - ဆင်စွယ်

၁၄ သာသနာရေး — ဒေါ်သန်းနွဲ့

၁၅ ကြင်ဖက်သက်နံ့ ရွေးချယ်ရန် — မုံရွာ - နေဇာ

www.dhammaransi.com


မိလိန္ဒပဉှ

ခင်ပွန်းကြီးဆယ်ပါး အရှင်ကုမာရ

နေ့ရာသီမှာ ရှာတဲ့မိုး ပြည့်သခင်

သာသနာပြုသူတို့၏ဘဝမှတ်တမ်းများ (၆)
သန်းရွှေပိုင် (တမူး)

အမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ဖို့ ကျောင်းသား / သူလေးများကို ပြုစု ပျိုးထောင်ပေး ကြစို့ အရှင်နန္ဒိသေန (ပေါက်)

ချမ်းသာအစစ်ကို ဝေငှခြင်း သထပ (ကျမ်းပြု)

သားသမီးတို့အတွက် မိဘမေတ္တာ
ဖတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)
ပန်းချီ - တင်ထွန်းထွန်း

သိကျိတ်မြေမှသာသနာ ဦးပညာတိက္ခ - ရှမ်း(တောင်)

ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ ဖူးပွင့်ဝေ

ဒါန၊ သီလ အခြေခံ သမထဝိပဿနာရှုပွားမှတ်နည်း တရားတော်များ ဦးအောင်သိန်းညွန့်

A PRACTICAL WAY OF CALMNESS AND INSIGHT-MEDITATION BASED ON CHARITY AND MORAL ETHICS
Trans: by U Aung Thein Nyunt

ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း လမင်း





**သာထွန်းပြန့် ဓမ္မစာစောင် ရုံးအဖွဲ့**

ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)
ဒေါ်ဝင်းမာ (ဦးစီးမှူး)
ဒေါ်ဝင်းကြည်
ဇေယျာလှိုင်မင်း (သထပ - ကွန်ပျူတာ)

**ပုံနှိပ်သူ**

ဦးသန့်စင်ထွန်း (မြဲ - ၀၁၁၀၄)
ရွှေပြည့်စုံ ပုံနှိပ်တိုက်
အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။

www.dhammaransi.com





# သပြေကန် အရှင်ဝါသေဋ္ဌာဘိဝံသ ဆရာတော်ဘုရားကြီး ၏ ဩဝါဒကထာ

- အနိစ္စမမြင်ရင် ဒုက္ခမမြင်၊ အနိစ္စမြင်ရင်တော့ ဒုက္ခလည်းမြင်ရတော့တာပါပဲ။
- သာမန်လူတွေမှာ အိုတဲ့၊ နာတဲ့အခါ စသည်မှာ ဒုက္ခလို့မြင်တတ်ပါတယ်။
- ဒါလည်း တကယ့်ဒုက္ခမြင်ရတာ မဟုတ်၊ ပညတ်ဒုက္ခမြင်ရတာပါပဲ။
- ကျန်းကျန်းမာမာ သာသာယာယာရှိနေတဲ့အခါတော့ မိမိကိုယ်မိမိ ရုပ်နာမ်တွေကို ကောင်းတယ်၊ ချမ်းသာတယ်လို့ သာယာဖွယ်အဖြစ် မြင်နေကြပါတယ်၊ ဒါအနိစ္စ မမြင်လို့ပါပဲ။

www.dhammaransi.com



# အနတ္တလက္ခဏာအခါတော်နေ့

ဝါဆိုလပြည့်ကျော်(၅)ရက်နေ့ကို အနတ္တလက္ခဏာအခါတော်နေ့အဖြစ် ကျင်းပရခြင်းမှာ ထိုနေ့ကွင် မြတ်စွာဘုရားက အနတ္တလက္ခဏာတရားတော်ကို ပဥ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူသည်ကို အကြောင်းပြု၍ ကျင်းပရခြင်းဖြစ်ပါသည်။

မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်နေ့မှာ မြတ်စွာဘုရားက တရားဦးဓမ္မစကြာ ဟောတော်မူ၍ ပဥ္စဝဂ္ဂီငါးဦးတို့ နေရက်အစဉ် ထေရ်အစဉ်ဖြင့် သောတာပန်များအသီးသီး ဖြစ်ကုန်ကြပါသည်။ မြတ်စွာဘုရားက ဝါဆိုလပြည့်ကျော်(၅)ရက်နေ့မှာ အနတ္တလက္ခဏာသုတ်တော်ကို ဆက်လက်ဟောကြားတော်မူရာ ပဥ္စဝဂ္ဂီငါးဦးစလုံး ရဟန္တာဖြစ်ကုန်ကြပါသည်။

အနတ္တဆိုတဲ့ ပါဠိကို ပုဒ်ခွဲလိုက်တဲ့အခါ န+အတ္တလို့ ဖြစ်လာပါတယ် (အတ္တ=ငါ+န= မဟုတ်) အနတ္တ=ငါမဟုတ်၊ အစိုးမရ၊ မိမိအလိုမလိုက်လို့ အဓိပ္ပါယ်ရပါတယ်။

အတ္တဆိုတဲ့ သဘောကို ရှာဖွေစီစစ်လိုက်တဲ့အခါမှာ-

(က) အချို့ပုဂ္ဂိုလ်က ဤခန္ဓာကိုယ်ကြီးကို အတ္တလို့ထင်မှတ်စွဲလမ်းကြပါတယ်။

(ခ) အချို့က စိတ်ကိုအတ္တလို့ ထင်မှတ်စွဲလမ်းကြပါတယ်။

(ဂ) အချို့က သဘာဝဓမ္မကို အတ္တလို့ထင်မှတ်စွဲလမ်းကြပါတယ်။

(ဃ) အချို့က ဤရုပ်၊ ဤနာမ်မှ တစ်ပါးသောမပျက်စီး၊ မမြဲတည့်သော အနှစ်သာရ အမာခံသဘောတရားတစ်ခုကို ကြံဆ၍ အတ္တဟု ထင်မှတ်စွဲလမ်းခဲ့ကြပါတယ်။

ဒါကြောင့် အနတ္တလို့ ဆိုလျှင် အထက်ဖော်ပြပါ စွဲလမ်းချက်အားလုံးကို ငြင်းဆိုပြီး ဖြစ်ကြောင်း မှတ်ယူကြရန်ဖြစ်ပါတယ်။

အနိစ္စ မမြဲခြင်းသဘောနှင့် ဒုက္ခဆင်းရဲခြင်းသဘောကို သတ္တဝါများအဖို့ သိလွယ်၊ မြင်လွယ်၊ ထင်လွယ်ကြပေမယ့် အနတ္တသဘောကို သိမြင်ရန်မှာမလွယ်ကူပေ။ အနတ္တဆိုတဲ့ ဓာတ်သဘောဟာ သာသနာတွင်းမှာရော သာသနာပမှာရော သဘာဝအားဖြင့် တည်ရှိနေတဲ့

www.dhammaransi.com



ခါတ်သဘောဖြစ်ပါတယ်။ ဒါပေမဲ့ သာသနာပအခါမှာ ထုတ်ဖော်ဟောကြားနိုင်တဲ့ ပုဂ္ဂိုလ် မရှိလို့ အနတ္တတရားကို သတ္တဝါတွေ သိခွင့်မရကြပါဘူး၊ မြတ်စွာဘုရားပွင့်တော်မူတဲ့အခါ ကျမှ တိတိကျကျဘုရားရှင်က ထုတ်ဖော်ဟောကြားတော်မူတဲ့အတွက် အနတ္တသဘောကို သိခွင့်ရလာကြပါတယ်။

အနတ္တလက္ခဏသုတ်ကို လေ့လာကြည့်တဲ့အခါ အပိုင်းကြီး(၅)ပိုင်း ခွဲခြားပြီး ဟောကြား ထားတာကို တွေ့ရပါတယ်-

၁။ ရူပံ ဘိက္ခဝေ အနတ္တာမှ ဧဝံ မေ ဝိညာဏံ မာ အဟောသီတိ တိုင်အောင်သောစကားဖြင့် ခန္ဓာငါးပါးအနတ္တဖြစ်ပုံ၊

၂။ တံကိံ မညထ မှ နောဟေကံ ဘန္တေ တိုင်အောင်သောစကားဖြင့် ခန္ဓာငါးပါးတို့ အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံ၊

၃။ တသ္မာတိဟမှ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ တိုင်အောင်သောစကားဖြင့် ခန္ဓာငါးပါးကို ငါ၏ ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အလိုသို့ မလိုက်ဟူ၍ ဟုတ်တိုင်းမှန်စွာ ကောင်းမြတ်သော ဝိပဿနာ ပညာ, မဂ်ပညာဖြင့် သိပုံ၊

၄။ ဧဝံ ပဿံမှ ပဇာနာတိ တိုင်အောင်သောစကားဖြင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ အဆင့်ဆင့်ဖြစ်ပွားပုံ၊

၅။ ဣဒမဝေါစမှ ဝိမုစ္စိံသူတိ တိုင်အောင်သောစကားဖြင့် ပဉ္စဝဂ္ဂီရဟန်းတို့ အရဟတ္တဖိုလ် သို့ ဆိုက်ရောက်ပုံ အပိုင်းကြီး ၅ပိုင်းတွေ့ရပါတယ်။

ပဉ္စဝဂ္ဂီရဟန်းတို့ အရဟတ္တဖိုလ်ဆိုက်ရောက်ပုံအတုယူအားကျပြီး အနတ္တလက္ခဏသုတ် တော်ကြီးကို နေ့ညမပြတ် ရိုသေစွာ ရွတ်ဖတ်သရဇ္ဈာယ်၍ ခန္ဓာငါးပါးအပေါ်၌ အနတ္တ လက္ခဏာထင်မြင်လျက် အရဟတ္တဖိုလ်ပေါက် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း သည်တစ်ပတ်၏ မျက်နှာဖုံးပုံရိပ်အဖြစ် တင်ပြလိုက်ရပါသည်။

www.dhammaransi.com



# ရဟန်းသံဃာနှင့် ဝိနည်းကျင့်ဝတ် မင်းနှင့်ပြည်သူ ညီရှု တာဝန်ယူကြလျှင် သာသနာရေရှည်တည်တံ့ပါမည်

လောကတွင် ကိုယ်ကျင့်သိက္ခာသည် အရေးကြီးလှပါ၏၊ ကိုယ်ကျင့်သီလသည် ဘဝ၏ ကျောက်တိုင်ပမာဖြစ်၏။

ဓမ္မကထိကပုဂ္ဂိုလ်ဖြစ်စေ၊ ရိပ်သာဆရာတော်ဖြစ်စေ၊ ပရိယတ်သင်ကြားပို့ချသော ပုဂ္ဂိုလ်ဖြစ်စေ၊ မြို့ပြ၌သာသနာပြုနေကြသောပုဂ္ဂိုလ်များဖြစ်စေ၊ ကျေးလက်တောရွာဘေး၊ တောင်ပေါ်နယ်စပ်သာသနာပြုနေကြသော ပုဂ္ဂိုလ်များဖြစ်စေ၊ (ဘ/က)ဆရာတော်များဖြစ်စေ မည်သို့သောပုဂ္ဂိုလ်မဆို ကိုယ်ကျင့်သိက္ခာသည် လွန်စွာအရေးကြီးလှပါသည်။

ရှေ့ဆောင်သာသနာပြုနေကြသော ပုဂ္ဂိုလ်များအနေဖြင့် အကျင့်သိက္ခာကို ဦးထိပ်ထားရန် လိုအပ်ပါ၏၊ အကျင့်သိက္ခာမြင့်မားခြင်းသည် သာသနာပြုရာတွင် အောင်မြင်မှု၏ အားဖြစ်သော စွမ်းအင်ဖြစ်ပါသည်။

သာသနာပြု၍ အောင်မြင်သော ပုဂ္ဂိုလ်များမှာ အကျင့်သိက္ခာကို ဦးထိပ်ထားသောကြောင့် ဖြစ်ပါသည်။ သာသနာပြုရာတွင် ဖြူဖြူစင်စင်ဖြင့် အောင်မြင်လိုပါက အကျင့်သိက္ခာစွမ်း အားဖြင့်သာ ပြုကြရန် လိုပါသည်။

ဝိနယောနာမ သာသနဿ အာယု- ဝိနည်းသည် သာသနာ၏ အသက်ဖြစ်သည်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမများကို အနှစ်မပျက်ဘဲ ထိန်းသိမ်းစောင့်ရှောက်သောပုဂ္ဂိုလ်များမှာ ရဟန်းသံဃာများပင်ဖြစ်ပါသည်။ ကိုယ်တိုင်အိမ်ရာမတည်ထောင်ဘဲ အိမ်ရာတည်ထောင်သူ များကို အမှီပြု၍ တရားဓမ္မများကို ထိန်းသိမ်းစောင့်ရှောက်ကြ၏။ ကျင့်ကြံပွားများအားထုတ် ခဲ့ကြ၏။ ကိုယ်တိုင်သိလာသောတရားတော်၏ ငြိမ်းချမ်းသောအရသာများကို လူအများအား ဟောပြောပြ၍ သိစေ၏။

တရားတော်များ၏အရသာများကို သိရှိခံစားနိုင်ရန် ပွားများရာတွင် ဝိနည်းကျင့်ဝတ် များသည် ဈာန် မဂ်ဖိုလ်၏ အန္တရာယ်မှ ကာကွယ်ပေးသော အကာအကွယ်ကောင်းလည်း ဖြစ်၏။ ဈာန် မဂ်ဖိုလ်၏ အတားအဆီးအပြုအမူလုပ်ရပ်များကို ဟန့်တားရန်အလို့ငှာ ဝိနည်း ဥပဒေကို ဘုရားရှင်က ပညတ်ပေးခဲ့သောကြောင့် အမှန်စင်စစ် ဝိနည်းသည် ဈာန်မဂ်ဖိုလ်၏ အသက်လည်းဖြစ်၏၊ တစ်နည်းအားဖြင့် အသိဉာဏ်ထူး၏၊ အသက်ဖြစ်၏။

www.dhammaransi.com



ရဟန်းတော်များသည် ဝိနည်းကျင့်ဝတ်ကြောင့် အသိဉာဏ်ထူးများရရှိကြ၏။ ဝိနည်းကျင့်ဝတ်ကို သွေဖည်ပြီး ကျင့်ကြံခြင်းဖြင့် မဂ်ဖိုလ်အသိဉာဏ်ထူးကို မရရှိနိုင်ပါ။ ထိုအသိဉာဏ်ထူးသည် သာသနာပင်ဖြစ်၏။ ထို့အတွက် ဝိနည်းသည် သာသနာ၏အသက်ဟု ခေါ်ခြင်းဖြစ်ပါသည်။

ဝိနည်းကျင့်သိက္ခာပုဒ်များသည် သာသနာ၏ အသက်ဖြစ်သလို ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော လွန်ကျူးမှုဟူသမျှတို့မှ အကာအကွယ်ပြုပေးသော စည်းရိုးတံတိုင်းကြီးလည်းဖြစ်၏။ ရဟန်း၏ဂုဏ်သိက္ခာကို မြှင့်တင်ပေးသော စည်းကမ်းများလည်းဖြစ်၏။

ရဟန်းတို့က ဝိနည်းသိက္ခာတည်၍ ကျင့်ဝတ်ပြည့်စုံနေရုံမျှဖြင့်လည်း နယ်ပယ်တစ်ခုအတွင်း၌ သာသနာရေရှည်တည်-မတည်ဆိုသည်တွင်လည်း သာသနံ နာမ ရာဇာပဓာနံ-သာသနာမည်သည် မင်းသာပဓာနဖြစ်သည်ဟု ဆိုထားသည့်အတွက် အုပ်ချုပ်သူ အစိုးရသည်လည်း ပဓာန ကျနေပါသည်။

ပြည်သူများ၏ အားတို့ဖြင့် လုံလောက်မှုမရှိနိုင်ပါ။ ပြည်သူတို့၏ အားသည် မင်း၊ အစိုးရသူတို့လောက် တန်ခိုးမထက်နိုင်သည်မှာ သေချာပါသည်။ အစိုးရမင်းများ၏ ကာကွယ်စောင့်ရှောက်မှု ထောက်ပံ့ချီးမြှင့်မှုမရှိလျှင် ထိုနယ်ပယ်၌ သာသနာမတည်နိုင်၊ တည်သော်လည်း အရှည်မတည်နိုင်ပါ၊ ထိုဖြစ်စဉ်များသည် သာသနာသမိုင်း၌ များစွာတွေ့ရပါမည်။

အိန္ဒိယနိုင်ငံတွင် အာသောကမင်းလက်ထက်မှစ၍ မင်း(၅)ဆက်တိုင်တိုင် မင်း၏ကာကွယ်စောင့်ရှောက်မှု၊ ထောက်ပံ့မှုကြောင့် သာသနာတော်သည် အေးအေးချမ်းချမ်းဖြင့် တည်ရှိခဲ့ရသည်။ (၆)ဆက်မြောက် မောရိယမင်းဆက်တွင် ဗုဒ္ဓဘာသာကိုနှိမ်ပြီး ဗြဟ္မဏဘာသာကို အားပေးခဲ့ရာ အိန္ဒိယတွင် ဗုဒ္ဓဘာသာကွယ်ခဲ့သည်။

မြန်မာနိုင်ငံတွင် အနော်ရထာမင်းလက်ထက်မှစ၍ ဗုဒ္ဓသာသနာကို ချီးမြှောက်ထောက်ပံ့ခဲ့ရာ- ယနေ့မင်းဆက်အထိ သာသနာသည် အဓွန့်ရှည်တည်ခဲ့ရပါသည်။

ထို့ကြောင့် ဆရာဖြစ်သောရဟန်းသံဃာကလည်း ရဟန်းတို့၏ ဝိနည်းသိက္ခာနှင့်အညီ ကျင့်ကြံအားထုတ်ဆောင်ရွက်ကြ၍ မင်းတို့ကလည်း မင်းတို့၏ တာဝန်ဝတ္တရားအရ ပြည်သူနှင့်လက်တွဲပြီး သာသနာကို စောင့်ရှောက် ချီးမြှောက်ထောက်ပံ့ကြမည်ဆိုလျှင် ဤနိုင်ငံ၌ အမျိုးဘာသာသာသနာသည် ရှေ့ဆက်လက်၍ ရေရှည်တည်တံ့သွားပါမည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

အယ်ဒီတာ

www.dhammaransi.com



# ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပပြုလုပ်သော ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်များ သင်တန်း အမှတ်စဉ် (၂၆) နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံ ပညာပေးသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲအခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ

[၁၃၇၈ ခုနှစ်၊ နယုန်လဆန်း(၁၁)ရက်၊ ၂၀၁၆-ခုနှစ်၊ ဇွန်လ(၁၆)ရက်၊ ကြာသပတေးနေ့]

**ရိုသေလေးမြတ်စွာလျှောက်ထားအပ်ပါသည်**

**ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား.....**

ယနေ့ကျင်းပပြုလုပ်သော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဖွင့်လှစ်သည့် ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်များသင်တန်းအမှတ်စဉ် (၂၆)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေး သင်တန်းအမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲအခမ်းအနားကို ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများကိုလည်းကောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများကိုလည်းကောင်း၊ သင်တန်းနည်းပြဆရာများကိုလည်းကောင်း စုံညီစွာတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည် ဘုရား။

**ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား.....**

လောကသုံးပါး၌ ဘုရားရတနာပွင့်တော်မူလာခြင်းသည်လည်းကောင်း၊ တရားရတနာ

www.dhammaransi.com



ကို ဟောကြားပေါ်ပေါက်တော်မူခဲ့ခြင်းသည်လည်းကောင်း၊ သံဃာရတနာကို ခွင့်ပြုထားရှိတော်မူခဲ့ခြင်းသည်လည်းကောင်း၊ ဗုဒ္ဓသာသနာတော်ကြီး အစဉ်အဆက်တည်တံ့ပွားများစေရန် ဖြစ်သည်နှင့်အမျှ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးတို့အတွက် ကိလေသာ အညစ်အကြေးကင်းဝေးစင်ကြယ်ရာ နိဗ္ဗာန်ချမ်းသာမှန်ကို ခံစားနိုင်ကြစေရန် ဖြစ်ပါသည်ဘုရား။

ဗုဒ္ဓ၏ တရားတော်များသည် အစ၊ အလယ်၊ အဆုံးသုံးပါးသော ကောင်းခြင်း ဂုဏ်တို့နှင့် ပြည့်စုံလျက်ကောင်းစွာဟောကြားအပ်သော တရားတော်များဖြစ်ပြီး နာကြားသူများနှင့် လက်တွေ့ကျင့်ကြံသူများအတွက် ကောင်းကျိုးချမ်းသာကို ဒိဋ္ဌရရှိနိုင်သော တရားတော်များ ဖြစ်ပါသည် ဘုရား။ တပည့်တော်တို့ နိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားသော နိုင်ငံဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ကြည့်လျှင် ၈၈.၉၆% သော နိုင်ငံသားအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်၍ "သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ" ဟူသော ရခဲလှသည့် သူတော်ကောင်းတရားများကို နာကြားရခြင်း ဒုလ္လဘတရားများကို ရကြသူများဖြစ်ကြပါသည်ဘုရား။

**ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား...**

မြတ်စွာဘုရားသည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောအခါ ဝေနေယျသတ္တဝါတို့ကို သစ္စာလေးပါး သိမြင်၍ သံသရာဝဋ်ဆင်းရဲရေအလျဉ်မှ ကူးမြောက်စေရန် အလို့ငှာ သာသနာတော်အဆုံးအမ မြတ်တရားဒေသနာတော်များကို ၄၅ ဝါကာလပတ်လုံး မနားမနေဘဲ ဒေသအသီးသီးသို့ ကြွရောက်ဟောကြားလျက် သာသနာပြုတော်မူခဲ့ပါသည် ဘုရား။

မြတ်စွာဘုရားရှင်သည် ဗုဒ္ဓသာသနာတော်ပြန့်ပွားစေရန်အတွက် ရဟန္တာအရှင်မြတ်ခြောက်ကျိပ်တို့အား ဒေသအသီးသီးသို့ ကြွရောက်၍ သာသနာပြုတော်မူရန် စေလွှတ်သကဲ့သို့ တတိယသင်္ဂါယနာတင်ပြီးနောက်ပိုင်း၌လည်း အရှင်မဟိန္ဒစသော မထေရ်များကလည်း ၉ တိုင်း ၉ ဌာနသို့ သာသနာပြုကြွရောက်တော်မူခဲ့ကြပါသည် အရှင်ဘုရား။

www.dhammaransi.com



ဤသို့ မြတ်စွာဘုရားရှင်နှင့်တကွ တပည့်သာဝက သံဃာတော်အရှင်သူမြတ်များ၊ ဒါယကာ၊ ဒါယိကာမများက ဗုဒ္ဓအဆုံးအမမြတ်တရားများ တည်တံ့ပြန့်ပွားအောင် အဆက်ဆက် ဆောင်ရွက်ခဲ့ကြသော ကျေးဇူးများကြောင့်သာလျှင် မြတ်စွာဘုရားသာသနာတော်သည် နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် ယနေ့ကာလတိုင်အောင် ကမ္ဘာလောကတွင် တည်တံ့ထွန်းကား ပြန့်ပွားနေခြင်းဖြစ်ပါသည်ဘုရား။

**ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား…**

ယနေ့ သာသနာပြုရဟန်းတော်များသင်တန်းအမှတ်စဉ်(၂၆) သင်တန်းသား အရှင်သူမြတ်များသည်လည်း ရှေးရှေးသော သံဃာတော်အရှင်မြတ်များနည်းတူ နယ်စပ်နှင့် တောင်တန်းဒေသအသီးသီး ကြွရောက်၍ ဘာသာရေး အသိအမြင်နည်းပါးနေကြသော တိုင်းရင်းသားများအား ဗုဒ္ဓသာသနာအဆုံးအမမြတ်တရားများ၏ အနှစ်သာရများကို သိရှိ ခံစားနိုင်ပါစေရန် မေတ္တာ စေတနာရှေ့ထား၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရန် ကြွရောက်ကြမည်ကို တွေ့ရှိရပါသဖြင့် အနာဂတ်သာသနာတော်အတွက် ဝမ်းသာ ကြည်နူး ခြင်းဖြစ်ရပါသည် အရှင်ဘုရား။

ဤသင်တန်းတွင် တိုင်းရင်းဆေးပညာသမိုင်း၊ တိုင်းရင်းဆေးပညာ၏ အခြေခံ သဘောတရားများ၊ ရာသီအလိုက်ဖြစ်တတ်သော ရောဂါများအကြောင်း၊ ဒေသပေါက်ဆေး ဖက်ဝင်အပင်များနှင့် အသုံးဝင်ပုံ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စသည့် ဘာသာရပ်များအပြင် အနောက်တိုင်းဆေးပညာအခြေခံသဘောတရားများကိုလည်း လက်တွေ့ကျကျ ဆရာ/ဆရာမများက သင်ကြားပေးခဲ့ကြောင်းလည်း သိရှိရပါသည်ဘုရား။ ထို့အပြင် ပညာရေးဝန်ကြီးဌာနမှလည်း တောင်တန်းဒေသရှိ မိမိတို့ တာဝန်ကျရာ ဒေသတွင် ကလေးသူငယ်များအား စာပေသင်ကြားနိုင်စေရန်အတွက် အခြေခံသင်ကြားပုံ သင်ကြား နည်းများကို လက်တွေ့သင်ကြားပေးခဲ့သည်ကိုလည်း သိရှိခဲ့ရပြီး မိမိတို့ ကျရာဒေသများတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တည်ထောင်၍ စာပေသင်ကြားပေးနိုင်မည်ဖြစ်ပါသည် ဘုရား။

www.dhammaransi.com



တပည့်တော်တို့ ဦးစီးဌာနမှလည်း သင်တန်းသားရဟန်းတော်များအား သိသင့်သိထိုက်သော လမ်းညွှန်မှုများ၊ မူဝါဒများ၊ ဆောင်ရွက်ချက်များနှင့် လိုက်နာရမည့် အချက်များ၊ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေများကို ဌာနမှ တာဝန်ရှိသူများက သင်ကြားပေးခဲ့သည် ဘုရား။

**ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား…**

ဤသင်တန်းသို့ တက်ရောက်ကြသော သင်တန်းသားရဟန်းတော်များ အနေဖြင့်လည်း မိမိတို့သည် ဒေသအသီးသီးသို့ ကြွရောက်ပြီး သာသနာပြုကြသည့်အခါ ဝိနည်းသိက္ခာတော်များကိုလည်း အထူးလိုက်နာကြကာ ဒေသခံပြည်သူတို့၏ ကြည်ညိုကိုးစား အားထားထိုက်သော အကျင့်သီလနှင့်ပြည့်စုံ၍ စံနမူနာထားထိုက်သော ပုဂ္ဂိုလ်များအဖြစ် သီတင်းသုံးနေထိုင်တော်မူကြပြီး ဗုဒ္ဓအလိုကျ ခန္တီစွမ်းအား၊ မေတ္တာစွမ်းအားဖြင့် သာသနာပြုကြပါရန် မေတ္တာရှေ့ထား၍ လျှောက်ထားအပ်ပါသည် ဘုရား။

သင်တန်းတွင် သင်တန်းပို့ချပေးသော ဆရာတော်ကြီးများ၊ သင်တန်းဆရာများ ဤသင်တန်းဖြစ်မြောက်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဘိုင်းရင်းဆေးပညာဦးစီးဌာနမှ ပညာရှင်အရာထမ်း၊ အမှုထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ နည်းပြဆရာများအား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ဘုရား။

www.dhammaransi.com





# ငါးပါးဝတ် မချွတ်ထာဝစဉ်


- မိဘနှစ်ပါးကြီးမားဂုဏ်အင်
ဘုရားနှင့်နှိုင်း တစ်ဂိုဏ်းတည်းပင်
ယုယပိုက်ထွေး ကျွေးမွေးသုတ်သင်
ငါးပါးဝတ် မချွတ်ထာဝစဉ်။

- မြတ်စွာဗုဒ္ဓ ဇိနအရှင်
တာဝတိံနန်း ကြွမြန်းအလျင်
မယ်တော်မိနတ် တရားရေစင်
အမြိုက်ဆေး တိုက်ကျွေးနိဗ္ဗာန်ဝင်။

မောင်သောင်း (ဆင်စွယ်)

www.dhammaransi.com






- နံနက်မိုးဖသာက်
  အလင်းရောက်သော်။
  နေပြောက်ပြာဆင်း၊ တို့ရွာတွင်း။

- ကြေးစည်သံလွင်
  သံယာစဉ်ဖြင့်
  ရွာဝင်လမ်းပေါ်၊ ဖိုးသူတော်။

- ရှာသူရှာသား
  သဒ္ဓါအားဖြင့်
  ဆွမ်းစားဖို့ရေး၊ လှူဒါန်းပေး။

- ငါတို့ရွာလေး
  မြစ်ကမ်းဘေးတွင်
  အေးချမ်းသာစွ၊ တောအလှ။


- သာသနာရေး၊
  ဆောင်ရွက်ပေး
  မဝေးသွားရန်၊ မြတ်နိဗ္ဗာန်။

ဒေါ်သန်းနွဲ့

www.dhammaransi.com



# ကျောင်းဖက်သက်နှင့် ရွေးချယ်ရန်




မျိုးမြန်မာ.....
တန်ဖိုးမှန်စွာ တက်စေဖို့
ဆက်လက်စောင့်ထိန်း။

ငွေ မမက်ပါနှင့်
ဂုဏ်တွေ မမက်ပါနှင့်
စုံဖက်တဲ့ ခင်ပွန်းမှန်ကို
ရင်တွင်းသန္တာန်ရှိုးရှိုးသားပြီး
ကြိုးစားလို့ တိုးပွားဖို့ရည်သန်ပါ
မှန်ကန်တဲ့ ဘာသာတရားနဲ့
တူညီတဲ့ဘာသာတရားနဲ့
လက်တွဲသွားကာ အစဉ်ထိန်းသိမ်း
မြင့်မြတ်တဲ့ကိန်း ။ ။

မုံရွာ (နေဇာ)

www.dhammaransi.com

သာထွန်းပြန့်

# မိလိန္ဒပဉှာ

## သာသနာ ဘယ်ခါကွယ်မည်နည်း

“အရှင်နာဂသေနဘုရား၊ ဘုရားရှင်သည် အာနန္ဒာ၊ ယခုအခါ သာသနာသည် နှစ်ပေါင်း ငါးရာမျှသာ တည်လတ္တံ့ဟု ဟောကြားတော်မူခဲ့၏။ ထိုမှတစ်ဖန် ပရိနိဗ္ဗာန် စံတော်မူခါနီး အချိန်၌ သုဘဒ္ဒပရိဗိုဇ်က သူသိလိုရာ မေးလျှောက်လာသောအခါ၊ သုဘဒ္ဒ၊ ဤရဟန်းတို့သည် ကောင်းမွန်စွာ နေထိုင်ကျင့်သုံးကြကုန်ငြားအံ့။ လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းပေရာဟု မိန့်ကြားတော်မူခဲ့ပြန်ပါ၏။

“အရှင်ဘုရား၊ အကယ်၍ ရှေ့စကားသာ မှန်ခဲ့ငြားအံ့။ နောက်စကားသည် မှားပေရာ၏။ အကယ်၍ နောက်စကားသာ မှန်ခဲ့ငြားအံ့။ ရှေ့စကားသည် မှားပေရာ၏။ အစွန်းနှစ်ဖက်ထွက်၍နေသော ဤပြဿနာသည် အရှင်ဘုရားထံ ကပ်ရောက်လာ၏။ ဤပြဿနာကို ဖြေရှင်းတော်မူပါလော့”

“မင်းမြတ်၊ အာနန္ဒာ၊ ယခုအခါ သာသနာသည် နှစ်ပေါင်းငါးရာမျှသာ တည်လတ္တံ့ဟူသော စကားသည်လည်း မှန်၏။ သုဘဒ္ဒ၊ ဤရဟန်းတို့သည် ကောင်းမွန်စွာ နေထိုင်ကျင့်သုံးကြကုန်ငြားအံ့။ လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းပေရာ ဟူသော စကားသည်လည်း မှန်၏။ ထိုစကားနှစ်ရပ်တို့ကား အနက်ရော သဒ္ဒါပါ ကွာခြားကြကုန်၏။ ရှေ့စကားသည် သာသနာတော်နှစ်ကို ပိုင်းခြား၍ ပြသောစကား ဖြစ်၏။ နောက်စကားကား ပဋိပတ်၏ စွမ်းအင်ကို ဖော်ပြသော စကား ဖြစ်၏။ စကားနှစ်ရပ်တို့သည် ကောင်းကင်နှင့် မြေကြီးပမာ၊ နတ်ပြည်နှင့် ငရဲပမာ၊ ကုသိုလ်နှင့်အကုသိုလ်ပမာ၊ ချမ်းသာခြင်းနှင့်၊ ဆင်းရဲခြင်းပမာ အလွန်တရာ ကွာခြား ကြပေကုန်၏။

“မင်းမြတ်၊ ရှေ့စကားသည် ကုန်ဆုံးလျော့ပါးသွားပြီးသော သာသနာကို ဖော်ပြပြီးမှ ကြွင်းကျန်ဦးမည့် သာသနာကို ဖော်ပြခြင်းဖြစ်၏။ ဥပမာအားဖြင့် ဥစ္စာပျောက်သော ယောကျ်ားတစ်ယောက်သည် ကြွင်းကျန်ရစ်သော ဥစ္စာများကို ထုတ်ယူလာကာ ငါ့မှာ ဤမျှလောက်သောဥစ္စာများ ပျောက်ဆုံးကုန်

www.dhammaransi.com



၏။ ဤဥစ္စာမျှသာ ကျန်တော့၏ဟု ပြောဆိုရာ၏။ ဤအတူပင် အာနန္ဒာ ဘိက္ခုနီတို့သည် အကယ်၍ သာသနာတော်၌ ရဟန်းမပြုကြကုန်ငြားအံ့။ သာသနာတော်သည် နှစ်တစ်ထောင်တိုင်တိုင် တည်လေရာ၏။ ယခုမူကား ဘိက္ခုနီတို့ ရဟန်းပြုလာကြသဖြင့် နှစ်ပေါင်းငါးရာမျှသာ တည်လတ္တံ့ဟု ပိုင်းခြား၍ ပြတော်မူ၏။ ဤသို့ ဟောကြားတော်မူခြင်းဖြင့် ဘုရားရှင်သည် သာသနာတော်ကြီးကွယ်ပမည့် အရေးကို ဟောကြားတော်မူပါသလော။ သစ္စာလေးပါး သိမြင်ရေးကို တားမြစ်တော်မူပါသလော"

"အရှင်ဘုရား၊ ထိုသို့ မဟုတ်ပေ"

"မင်းမြတ်၊ နောက်စကားသည်ကား ပဋိပတ်၏စွမ်းအင်ကိုဖော်ပြသော စကားဖြစ်၏။ ဥပမာအားဖြင့် ထက်ဝန်းကျင်မှ ကန်ဘောင်ကို အခိုင်အမာ ဖို့ထားသော ကန်ကြီးထဲတွင် ရေအပြည့်ရှိနေရာ၏။ ယိုရေမကုန်ခန်းမီမှာပင် ကန်ပေါ်သို့ မကြာခဏ မိုးကြီးသည်းစွာ ရွာချရာ၏။ ဤသို့ဆိုလျှင် ထိုကန်ရေသည် လျော့ပါး ပါဦးမည်လော။ ခန်းခြောက် ပါဦးမည်လော"

"အရှင်ဘုရား၊ မလျော့ပါးနိုင်ပါ။ မခန်းခြောက်နိုင်ပါ"

"မင်းမြတ်၊ ဤအတူသာပင် ဘုရားရှင်၏ သာသနာတော်ကို ဖြူစင်မြင့်မြတ်လှစွာသော ကျင့်သုံးမှုတို့ဖြင့် ဆရာစဉ်ဆက်မပျက်မကွက်ဆက်ကာဆက်ကာ ပြုစုသွားကြပါလျှင် လောကကြီးတစ်ခုလုံးတွင် ရဟန္တာများ ဆိတ်သုဉ်းသွားသောအခါဟူ၍ မရှိလာပေရာ။ ဤသာသနာတော်မကွယ်မပျောက်ပေရာ။ ဤအကြောင်းကို ရည်ရွယ်၍ နောက်စကားကို ဘုရားရှင် မိန့်ကြားတော်မူပေ၏"

"အရှင်ဘုရား၊ ဤသာသနာတော် ကွယ်ပျောက်ခြင်းတို့ကား အဘယ်ပါနည်း"

"မင်းမြတ်၊ အဓိဂမ ဟူသော မဂ်ဖိုလ်ရမှု ကွယ်ပျောက်ခြင်း၊ ပဋိပတ္တိဟူသော ကျင့်သုံးပွားများမှု ကွယ်ပျောက်ခြင်း၊ လိင်္ဂဟူသော ရဟန်းအသွင် ကွယ်ပျောက်ခြင်းတို့ပေတည်း။ ထိုသုံးပါးတို့တွင် အဓိဂမ ကွယ်ပျောက်သော် ဘုရားတော်အတိုင်း ကောင်းစွာကျင့်သုံးပွားများသော်လည်း မဂ်ဖိုလ်မရနိုင်တော့ချေ။ ပဋိပတ္တိကွယ်ပျောက်သော ရဟန်းအသွင်ရှိနေသေးသော်လည်း ကျင့်ဝတ်သိက္ခာပုဒ်များ ကွယ်ပျောက်ကြကုန်၏။ လိင်္ဂဟူသော ရဟန်းအသွင် ကွယ်ပျောက်သော်ကား သာသနာတော်ကြီးတစ်ခုလုံး ကွယ်ပျောက်ပြတ်စဲလေတော့၏"

"အရှင်ဘုရား၊ အရှင်ဘုရားသည် ပြဿနာကို ကောင်းစွာဖြေရှင်းတော်မူပါပေ၏"

www.dhammaransi.com



# ခင်ပွန်းကြီးဆယ်ပါး

အဂ္ဂမဟာပဏ္ဍိတ – အရှင်ကုမာရ

**ယခင်အပတ်မှအဆက်**

ဘုန်းကြီးတို့ ပရိသတ်တွေ တရားနာရမှာ မပျင်းပါနဲ့။ တရားမနာရရင် ဒီအသိတွေ မသိနိုင်ပါ။ မသိရင် ဒဏ်သင့်ကြောင်းတွေ ပြုလုပ်ပြောဆိုတော့ ဒဏ်တွေသင့်ကုန်ရော၊ ဒဏ်သင့်တော့ ပျက်စီးရောပေါ့။

**ကြမ်းကြုတ်သဲမဲ၊ မဟုတ်ဘဲ၊ စွပ်စွဲခံတတ်သည်။**

ဘုန်းကြီးတို့ ကိုယ်တွေ့ပဲ တွေ့ခဲ့ပါတယ်။ ဘယ်လို တွေ့ခဲ့သလဲဆိုရင် မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်ကို သေသေချာချာ အထင်အရှားကြီးကို ပြစ်မှားတဲ့ပုဂ္ဂိုလ်ပါ။ ပြစ်မှားတာလည်း သိပါတယ်။ ပြစ်မှားခံရတဲ့ပုဂ္ဂိုလ်လည်း သိပါတယ်။

အဲဒီ ပြစ်မှားခံရတဲ့ ပုဂ္ဂိုလ်က သီလ၊ သမာဓိ၊ ပညာ ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ အဲဒီ ပြစ်မှားတဲ့သူမှာ တကယ့်ရှက်စရာကောင်းတဲ့၊ မျက်နှာတောင် ဖော်မပြရဲလောက်တဲ့ စွပ်စွဲမှုမျိုး မကြာမီခံရပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေ မိမိတို့ရဲ့ ပါးစပ်ဟာ မိမိတို့ရဲ့ရန်သူလည်း ဟုတ်ပါတယ်၊ မိတ်ဆွေလည်း ဟုတ်ပါတယ်။

အေး– ပါးစပ်ရန်သူ၊ ကိုယ့်ရန်သူ မဖြစ်ပါစေနဲ့။ ပါးစပ်မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေဖြစ်ပါစေ။ မိမိတို့ ပါးစပ်ကို မသုံးမချတတ်ရင် ရန်သူပါ။ အသုံးချတတ်ရင် မိတ်ဆွေပါ။ နှုတ်ချို လျှိုတစ်ပါး ဆိုတာရှိပါတယ်။

– မလိမ္မာလတ်၊ ဤပါးစပ်၊ ရန်ဓာတ် ဖြစ်တော့သည်။

– လိမ္မာလေက၊ မိတ်ဆွေပ၊ လိုတရ လေသည်။

ချစ်စေလို ခံတွင်းလက်နှစ်လုံး၊ မုန်းစေလို ခံတွင်း လက်နှစ်လုံး ဆိုတာလည်း ရှိပါတယ်။ "နှုတ်ကောင်း ပြည်စိုး" ဆိုတာလည်း ရှိပါတယ်။

အဲဒီ နှုတ်အတူ ကိုယ်လည်း ဟုတ်ပါတယ်။ ကိုယ်ကို အသုံးမချတတ်ရင် ရန်သူဖြစ်ပါတယ်။ ဒီကိုယ်ကြီးကို သနားပြီး အပျင်းပို၊ အပျင်းခိုမယ်ဆိုရင်၊ ဒီကိုယ်နှင့် မတရားပြုမယ်ဆိုရင် ဒီကိုယ်ဟာ မိမိရန်သူ ဖြစ်သွားပြီ။ ဒီကိုယ်ကို အခုလို တရားနာခိုင်း

www.dhammaransi.com



မယ်၊ တရားအားထုတ်ခိုင်းမယ်၊ ဝေယျာဝစ္စ လုပ်ခိုင်းမယ်ဆိုရင် ဒီကိုယ်ဟာ မိမိမိတ်ဆွေ ဖြစ်သွားပါတယ်။

အေး- ကိုယ်နဲ့နှုတ်မှာ ကိုယ်မလိမ္မာတာထက် နှုတ်မလိမ္မာတာက ပိုများပါတယ်။ အဘွားကြီးတွေနော် နှုတ်လိမ္မာကြရဲ့လား။

ဘုန်းကြီးတို့ တရားစခန်းတွေမှာ အဘွားကြီးယောဂီတွေကို အဘွားငယ်ယောဂီတွေက ခဏခဏ တိုင်တာခံရပါတယ်။ ဘာဖြစ်လို့ အတိုင်ခံရလဲ။ အဘွားကြီးယောဂီတွေက ပါးစပ်က တွတ်တွတ် တွတ်တွတ်နဲ့။ ဘုန်းကြီးက စကားမပြောနဲ့၊ တရားသည် စကားကို ကြောက်သည်။ စကားများသူထံသို့ တရားမလာဘူးလို့ ပြောလည်း ပြောနေတာပဲ။

စကားပြောတာက နှစ်ပိုင်းပျက်ပါတယ်။ ဘယ်လို နှစ်ပိုင်းပျက်လဲ။ ပြောနေစဉ် အားထုတ်မှု ပျက်တယ်။ အားထုတ်နေစဉ် ပြောတဲ့ စကားတွေ ဝင်လာလို့ ပျက်တယ်။

အေး- ညအိပ်ခါနီးပြောရင် အအိပ်ပျက်တယ်။ နံနက် ရှုမှတ်တဲ့အခါ အိပ်ရေးမဝလို့ အမှတ်ပျက်တယ်၊ အဲဒီလို နှစ်ပိုင်းပါ ပျက်တယ်။

ဒါကြောင့် တရားအားထုတ်နေတဲ့ ယောဂီတွေဟာ စကားပြောတာကို အတတ်နိုင်ဆုံး ရှောင်ပါ။ ရှေးက ပုဂ္ဂိုလ်များက ဧကစာရီ အဖော်မမှီး တစ်ကိုယ်တည်း ကျင့်ကြတာ အဲဒီအပြောကို ကြောက်လို့ပါ။

## ဆွေမျိုးပျက်သည်

အေး- ယောဂီတို့ ပြောစဉ်ကတော့ စပ်မိစပ်ရာ ပြောလိုက်တာပဲ။ ဘာရယ် ညာရယ်လို့ မဟုတ်ပါဘူး။ ဒဏ်ခံရတာ မသက်သာပါ။ မှန်ပါတယ်။

အေး- သူ့အသက်သတ်တာနဲ့ ပတ်သက်ရင်လည်း ကြည့်ပါလား။ သတ်ရသူတို့သည် သတ်ရတဲ့အတွက် ဝမ်းသာတယ်။ အသတ်ခံရသူတို့ဟာ မသက်မသာခံရ၍ ဝမ်းမသာပါ။ ဝမ်းနည်းရပါတယ်။

အဲဒီ အသတ်ခံရသူတို့ရဲ့ ဒဏ်ခံရမှုမျိုးဟာ တစ်ချိန်ချိန်မှာ သတ်သူသို့ ဒဏ်ပြန်ပါတယ်၊ အဲဒီလို ဒဏ်ပြန်တဲ့အခါမှာ သတ်သူဟာ အသတ်ခံရသူ ခံရတဲ့အတိုင်း မသက်မသာ ခံရတတ်ပါတယ်။

**အားထားလောက်ငြား၊ ဆွေမျိုးများ၊ ပျက်ပြား တတ်လေသည်။**

အေး- ကိုယ်တကယ် အားထားလောက်တဲ့၊ ကိုယ့်အပေါ်မှာလည်း အင်မတန်ကျေးဇူးများတဲ့၊ တကယ် အားကိုးအားထားလောက်တဲ့ ဆွေမျိုးတွေ ပျက်စီးဆုံးပါးတတ်ပါတယ်။

www.dhammaransi.com



ကော်တော် ကြောက်စရာကောင်းပါတယ်။ ဒဏ်သင့်ပြီဆိုရင် တဖြည်းဖြည်းနဲ့ မိမိအားထားလောက်တဲ့ ဆွေမျိုးတွေ တစ်ယောက်ပျက်စီး၊ တစ်ယောက်ပျက်စီးနဲ့ နောက်ဆုံးတော့ အားကိုးရာမဲ့စွာနဲ့ တစ်ကောင်ကြွက်၊ တစ်မျက်နှာသဲ ကျန်ရစ်နေတတ်ပါတယ်။

အဲဒါဘာကြောင့်လဲလို့ မေးရင် ဘယ်အတိအကျ ပြောနိုင်ပါ့မလဲ။ ဘုရားရှင်မှပဲ အတိအကျ ပြောနိုင်ဟောနိုင်မှာပေါ့။ ဘုန်းကြီးတို့တရားသဘောအရ ပြောရရင်တော့ "ပြုကအသစ်၊ ဖြစ်အဟောင်း၊ မကောင်းလည်းငါကောင်းလည်း ငါတည့်" ဆိုတဲ့အတိုင်း ပြောရမှာပေါ့။

မိမိတို့ ယခု ပြုပြော ကြံစည်နေတာတွေက အသစ်တွေပါ။ ယခု မိမိတို့မှာ ခံနေရတာတွေ၊ စံနေရတာတွေက အဟောင်းတွေပါ။ ပြောရရင် အကြောင်းအကျိုးတွေပါ။

ခံနေရ၊ စံနေရတာတွေက အကျိုးတရားပါ။ အဲဒီ အကျိုးတရားတွေဟာ အကြောင်းတရားမကင်းပါဘူး။ အကြောင်းကောင်းရင် အကျိုးကောင်းပါတယ်။ အကြောင်းမကောင်းရင် အကျိုးမကောင်းပါ။

အေး- မိမိတို့က အကြောင်းကုသိုလ်ကံဖြစ်တဲ့ လှူဒါန်းတဲ့ ဒါန၊ ဆောက်တည်ခဲ့တဲ့ ဥပုသ်သီလ၊ အဲဒါမျိုးလောက်သာ မှတ်ထားတာပါ။ အဲဒါမျိုးကလည်း ဘယ်မှာ များများစားစား ရှိမှာလဲ။

နေ့စဉ်နေ့စဉ်ပြုနေတဲ့ အကြောင်းအကုသိုလ်ကံတွေ၊ ပြောနေတဲ့ အကြောင်းအကုသိုလ်ကံတွေ၊ ကြံစည်နေတဲ့ အကြောင်းအကုသိုလ်ကံတွေဟာ နည်းလား။ ပြန်ကြည့်ပါ။ မနည်းပါဘူး။

အဲဒီကံတွေကို မှတ်မထားသော်လည်း အကျိုးပေးချိန်တန်ရင် မကောင်းကျိုးပေးပါတယ်။ အဲဒီလို မကောင်းကျိုးပေးတဲ့အခါ ဘယ်လိုဖြစ်တတ်သလဲဆိုတော့ ငါကောင်းတာတွေ လုပ်ပါရက်နဲ့ ဘာဖြစ်လို့ မကောင်းကျိုးပေးပါလိမ့်လို့ ဖြစ်တတ်ပါတယ်။ ကုသိုလ်တရားအပေါ်မှာကို သံသယဝင်သွားတတ်ပါတယ်။

ဥပမာပြောရရင် လူတစ်ယောက်ကို သူ့အထက်က လူက ကြည့်နေတယ်။ ကောင်းကျိုးပြုမယ်ပေါ့။ သူကလည်း ကောင်းပါတယ်။ အဲ… ကောင်းကျိုးပြုမယ့်ဆဲဆဲမှာပဲ မကောင်းပြစ်ကို ကျူးလွန်မိလိုက်တယ်။ အဲ…သူ့အထက်ကလူက "တော်တော့၊ ဒီကောင် ဘယ်တော့မှ ကောင်းမယ့်ကောင်

www.dhammaransi.com



မဟုတ်ဘူး" ဆိုပြီး ကောင်းကျိုးမပြုတော့ပါ။

အေး- အဲဒီအတူပါပဲ။ ကုသိုလ်ကံက လည်း ကောင်းကျိုးပေးမှာပါ။ အချိန်မကျ သေးတော့ အကျိုးပေးချိန်ကို စောင့်နေ ပါတယ်။ အဲဒီအချိန်မှာ ခုနက ပြောခဲ့တဲ့ မကောင်းကျိုးပေးမယ့် အကုသိုလ်ကံတွေက ကောင်းကျိုးကို ဝင်တားပြီး မကောင်းကျိုး ပေးပါတယ်။

အဲဒီအတူတူပါပဲ။ ဘုန်းကြီးတို့ ပရိသတ် တွေပြုထားတဲ့ ဒါန၊ သီလ၊ ဝေယျာဝစ္စ စတဲ့ ကုသိုလ်ကံတွေ အခုလို နာကြားမှတ်သား ပွားများထားတဲ့ ကုသိုလ်ကံတွေဟာ ကောင်း ကျိုးပေးမယ့် ကံတွေပါ။

အဲဒီကောင်းကျိုးပေးမယ့် ကုသိုလ်ကံ တွေ မပြုကြ၊ မပြောသင့်တဲ့ အကုသိုလ်ကံ တွေ ပြောကြ၊ မကြံသင့်တဲ့ အကုသိုလ်ကံ တွေ ကြံကြတဲ့အတွက်ကြောင့် "တော်ပြီ၊ တော်ပြီ သူ့ကိုငါ ကောင်းကျိုးမပေးတော့ဘူး" လို့ ဆိုသလိုပဲ အဲဒီပြုထားခဲ့တဲ့ ကောင်းကံ တွေက မကောင်းကံကြောင့် ကောင်းကျိုး ပေးဖို့ရာ ဆိုင်းသွားပါတယ်။ အေး- အဲဒါမျိုး တွေ အများကြီးတွေ ရှိပါတယ်။ ဒါကြောင့် "အားထားလောက်ဘွား၊ ဆွေမျိုးများ ပျက် ပြားတတ်လေသည်" ဆိုတာ ဒဏ်တစ်ပါးပါ။

## ဥစ္စာပစ္စည်း ပုပ်ဆွေး

ဘုန်းကြီးတို့ ပရိသတ်တွေ ဒဏ်၊ ဒဏ်နဲ့ အပေါ်ယံကလေးလောက်သာ မကြည့်ပါနဲ့။ တကယ်ကြောက်စရာ ကောင်းပါတယ်။ ဒဏ်တစ်ခါသင့်ပြီးရင် ပြန်ပြီးကောင်းဖို့ရာ အတော်ကြိုးစားယူရမှာပါ။

## ဥစ္စာပစ္စည်း၊ ပုပ်ဆွေးပြီး၊ ပျက်စီးတတ် လေသည်။

အေး- အဲဒီ ကိုးခုမြောက် ဒဏ်က အဆန်းပါ။ ဘယ့်နှယ် ဥစ္စာပစ္စည်းတွေက ပုပ်ဆွေးပြီး ပျက်စီးတတ်ပါသလဲ။ ပုပ်ဆွေး တတ်တယ်ဆိုတာ ခရမ်းသီးတို့လို၊ ဘူးသီးတို့ လို အသီးအနှံပစ္စည်းတွေသာ ပုပ်ဆွေးတတ် တာပါ။ ရွှေ၊ ငွေ စတဲ့ပစ္စည်းတွေက ဘယ်လို ပုပ်ဆွေးမှာလဲလို့ မေးစရာရှိပါတယ်၊ တွေးစ ရာ ရှိပါတယ်။ မေးပါ၊ တွေးပါ။ မေးနိုင်ပါ တယ်၊ တွေးနိုင်ပါတယ်။

တိုက်ရိုက်သာဓက တစ်ခုကို ပြောရမယ် ဆိုရင် ဘုရားရှင်လက်ထက်တော်အခါက သူကြွယ်တစ်ယောက်ရှိပါတယ်။ ရွှေကုဋေ လေးဆယ် ကြွယ်ဝချမ်းသာပါတယ်။ အေး- တစ်နေ့ သူ့ရွှေတွေကို ကြည့်လိုက်တဲ့အခါမှာ အားလုံးမီးသွေးခဲတွေ ဖြစ်ကုန်တာ တွေ့နေရ ပါတယ်။ ကဲ- စဉ်းစားသာကြည့်ပါတော့။

www.dhammaransi.com



ဘယ်လောက် သောကရောက်ရှာမလဲ။

အေး- ပစ္စည်းဥစ္စာရတယ်ဆိုတာ ကုသိုလ်ကံကြောင့် ရပါတယ်။ ဥစ္စာပစ္စည်း ပျက်တယ်ဆိုတာ အကုသိုလ်ကံကြောင့်ပါ။ ဘယ်သူကြောင့်၊ ဘယ်ဝါကြောင့်မှ မဟုတ်ပါ။

ဒါကြောင့် ဥစ္စာပစ္စည်း တက်လာပြီဆိုရင် ကုသိုလ်ဆက်ရပါတယ်။ ကုသိုလ်ဆိုတာ ဒါနလည်း ကုသိုလ်ပါ။ သီလလည်း ကုသိုလ်ပါ။ ဘာဝနာလည်း ကုသိုလ်ပါ။ ဘယ်ကုသိုလ်ပဲ ဆက်ဆက် ရပါတယ်။ အဲဒီလို ကုသိုလ်ဆက်ရင် ဥစ္စာပစ္စည်းဟာ ပိုပြီးတော့ တက်ပါတယ်။

အေး-ဥစ္စာပစ္စည်းမှ ဖြစ်မယ်မကြံသေးဘူး။ အသောက်အစား၊ လောင်းကစားစတဲ့ အကုသိုလ်တွေ ဝင်လာရင် စီးပွားပျက်တတ်ပါတယ်။

**မီးလောင်တတ်သည်**

အဲဒီ ကံတရားဆိုတာ မိမိတို့ပြုတဲ့ ကံတရားတွေပါ။ သူများတွေပြုတဲ့ ကံကရားတွေ မဟုတ်ပါ။ ကိုယ်ပြုတဲ့ကံက ကိုယ့်ကိုပြန်ပြီး အကျိုးပေးပါတယ်။

**ပကတိမီး၊ မိုးကြိုးမီး၊ အိမ်မီးလောင်တတ်သည်။**

အေး-မီးက နှစ်မျိုးရှိတယ်။ ပကတိရိုးရိုးမီးနဲ့ မိုးကြိုးမီး။ မပြစ်မှားသင့်တဲ့ပုဂ္ဂိုလ်တွေကို ကိုယ် နှုတ် စိတ် တစ်ပါးပါးဖြင့် ပြစ်မှားရင် ပြစ်မှားတဲ့ ပုဂ္ဂိုလ်တွေရဲ့အိမ်ကို ပကတိမီးရင်လည်း လောင်တတ်တယ်။ မိုးကြိုးမီးရင်လည်း လောင်တတ်တယ်။

အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေ ဒဏ်သင့်တဲ့လူရဲ့ အိမ်နားမှာ မနေကြနဲ့နော်။ သူ့အိမ်မီးလောင်ရင် ကိုယ့်အိမ်ပါ လောင်မှာပေါ့။ နီးစပ်ရာ ခံရပါတယ်။ ဒါကြောင့် အကုသိုလ်သမားကို ဝေးဝေးက ရှောင်ပါ။

ဥပမာ ဘာနဲ့တူပါသလဲဆိုရင် တောထဲမှာ မီးလောင်တဲ့အခါ မြက်ခြောက်တွေကို စတင်လောင်တာပါ။ ဒါပေမယ်လို့ အဲဒီ မြက်ခြောက်တွေ ကြားမှာရှိတဲ့ မြတ်စိုတွေပါ အလောင်ခံတဲ့ ဥပမာပါပဲ။

အေး-ဘုန်းကြီးတို့ ပရိသတ်တွေမှာ ဖြစ်နေသမျှ ကောင်းကျိုးဆိုးပြစ်တွေဟာ အလိုလိုဖြစ်တာ မပါပါဘူးနော်။ သူ့ အကြောင်းနဲ့သူပါ။

ယခုဒဏ်ဆယ်ပါးသင့်တာကို ကြည့်ပါ။ ဒဏ်ဆယ်ပါးကို ယောဂီတို့ သိသွားပါပြီ။ ကြောက်စရာလည်း တော်တော်ကောင်းပါတယ်။

အဂ္ဂမဟာပဏ္ဍိတ-အရှင်ကုမာရ

www.dhammaransi.com



# ဇော်ဂျီသို့မဟုတ် မှုတ်ကြီး

ပြည့်သခင်

အဲဒီအချိန်မှာ ငပျင်း စဉ်းစားမိတာက သူ့အမေမှာလိုက်တဲ့ စကား။

'နောက်တစ်ခါဆိုရင် မှတ်ထား။ အဲလို ဖြူဖြူတွေ့ရင် အရင်ဆုံးရိုက်သာ ရိုက် ပြီးတော့မှ အိမ်ကို ပြန်ယူလာခဲ့၊ ဟုတ်ပြီလား'

အဲဒါနဲ့ ငပျင်းက ထွေလီကာလီ ဘာမှ စဉ်းစားမနေတော့ဘူး။ ဘေးနားက တွေ့တဲ့ တုတ် ကောက်ပြီး နင်းကန် ရိုက်တော့တာပဲ။ မှိုတွေဆိုတာ ညက်ညက်ကိုကြေလို့။ ရိုက်လို့ အားရတော့မှ အကုန်သိမ်းကြုံးပြီး ပုဆိုးခါးပိုက်ထောင်ထဲထည့်ပြီး အိမ်ကိုပြန်တာ။ အိမ်ရောက်တော့ 'အမေရေ့ ဒီမှာ ဟင်းရခဲ့ပြီး ချက်တော့' ဆိုပြီး သူ့အမေကို ပေးလိုက်တယ်။

သူ့အမေက ပထမတော့ ဘာတွေများလဲ လို့ သေချာကြည့်သေးတယ်။ နောက်တော့မှ သူ့သားရိုက်လာခဲ့တာ မှိုတွေပဲ ဆိုတာကိုသိလိုက်ပြီး…

'အမလေး သားရယ် ဒါကို မှို လို့ ခေါ်တယ်ဟဲ့၊ ဒါမျိုးဆိုတာက ဒီလိုရိုက်ပြီး ယူရတာမဟုတ်ဘူး…။ အသာလေး တစ်ပွင့်ချင်းစီ ရွရွလေးနှုတ်ယူရတယ်ကွယ့်'

လို့ပြောလိုက်တာပေါ့။

အဲဒီတော့ ကောင်လေးက သူ့အမေကို ပြောလိုက်တယ်။

'အမေပဲ အရင်တစ်ခါ ပြောတော့ ဖြူဖြူတွေ့တာနဲ့ ရိုက်ဆို၊ သားက အဲဒါကြောင့် ရိုက်ခဲ့တာပေါ့ အခုဘာဖြစ်လို့လဲ၊ ဟဲ့မှိုကို ရိုက်လို့ အမှုန့်ဖြစ်ပြီဆိုမှ တော့ ရွှံ့တွေနဲ့ရောပြီး ဘယ်ချက်လို့ရတော့မလဲ…။ နင်ကလည်း အ,လိုက်တာလွန်ရော၊ တကယ်ပဲ'

'ဒါဆိုရင် သားက ဘယ်လို လုပ်ရမှာ လဲဗျာ'

'ဩော် ငါပြောပြီးပါပကော…၊ ဒီလို မှိုတို့ဘာတို့ စုစုဝေးဝေးတွေ့ပြီဆိုရင် တစ်ခုချင်းစီ ရွရွလေးနှုတ်ယူရတယ်…။ ဒါမှ ချက်စားလို့ ရတော့မှာပေါ့'

ဩော်… အဲဒီလိုလား၊ စောစောက ပြောရောပေါ့ အမေရယ်…'

မြန်မာရိုးရာပုံပြင်များတွင် အချိတ်အဆက်များနှင့် လှည့်ကွက်များပါ၏။ ထိုလှည့်ကွက်များသည် အရွယ်ရောက်ပြီးသူများအတွက်

www.dhammaransi.com



ရင်ခုန်ဖွယ်ဟုမဆိုသာသော်လည်း ယခုကဲ့သို့ စိတ်ကူးယဉ်ဆန်ဆန် တလွဲတချော်ဖြစ်ရပ်ကလေးများကိုမှ ဟာသရသအဖြစ် ခံစားချင်ရှာကြသော ကလေးများအဖို့ကား အလွန်ကြည်နူးကျေနပ်ဖွယ်ရာပင်ဖြစ်ပါ၏။ ထို့ကြောင့်လည်း နားထောင်နေကြသည့် ကလေးများသည် ပါးစပ် အဟောင်းသား၊ မျက်စိအဝိုင်းသားဖြင့် စိတ်ဝင်တစား နားထောင်နေကြလေသည်။

'အဲဒီလိုနဲ့ နောက်တစ်နေ့ မိုးလင်းတော့ ကိုငပျင်းလေးတစ်ယောက် ဟင်းရှာဆိုပြီး အိမ်က ထွက်ပြန်ရော'

'ဘုန်းဘုန်း'

'ဟေ…မောင်ပေတေး၊ ပြော…ဘာလဲ'

'အဲဒီလူက ငပျင်းသာဆိုတယ်၊ နေ့တိုင်း ဟင်းရှာထွက်တယ်နော်…'

'ဩော်…အေး…အဲဒါက အဲ…ဟို… ဒီလိုကွာ… အင်း…ပုံပြင်ထဲမှာဆိုတော့'

ပုံပြင်ပြောနေသော ဦးပဥ္ဇင်းလေးသည် ရုတ်တရက် ဘာဆက်ပြောရမည်မှန်းမသိပဲ ဖြစ်သွားလေ၏။ ထိုအချိန်တွင် မာတောက်က တစ်စခန်းထပြန်လေ၏။

'ဘုန်းဘုန်း'

'ဟေ…ကိုမာတောက် ဘာများ ပြောချင်လို့လဲ'

'ဟိုလေ…ဘုန်းဘုန်း ပုံပြင်ထဲကလူကို ငပျင်းလို့မခေါ်ဘဲ ငတုံးလို့ခေါ်ရင် မကောင်းဘူးလား'

'အေး…အေး…အဲဒါကောင်းတယ်'

အဲဒါနဲ့ ဒီတစ်ခါ ကိုငပျင်း…အဲလေ ကိုငတုံးလေး ဟင်းရှာထွက်တော့ ချုံလေးတစ်ချုံရဲ့ကြားမှာသွားတွေ့တာက ပျားအုံကြီးကွ။ ပျားတွေကို စီ…လို့။

'ဟား ဟား ဒါဆို သား သိပြီ…ငတုံး …ငတုံး ပျားအုံကို နှုတ်တော့မှာ ဟား….. ဟား'

ထိုကဲ့သို့ ထအော်လိုက်သူမှာ မောင်တက်တူ ဖြစ်လေ၏။

'ဟေ့ကောင် မင်းတိတ်တိတ်နေ…ငါတို့ နားထောင်ရတာ အရှိန်ပျက်တယ်'

အောင်ဘုက တက်တူကို တံတောင်ဖြင့် တွတ်ရင်း စကားဖြတ်မပြောဖို့ တားမြစ်လေ၏။

အေး အေး အားလုံး တိတ်တိတ်နေကြဦး။ ပုံပြင်ဆက်ပြောမယ်။ တက်တူပြောသလိုပဲ ကိုငတုံးလေး ပျားအုံကို တစ်ကောင်ချင်းစီ ရွှရွှလေးသွားနှုတ်တာ…။ နှုတ်တော့ ပျားတွေက

www.dhammaransi.com



စိတ်ဆိုးပြီး လိုက်တုတ်တာပေါ့။ တော့်လေးခမျာ ပြေးလိုက်ရတာ တန်း…လို့။ အိမ်ရောက်တော့ မျက်နှာတစ်ခုလုံး ဖူးယောင်ပိတ်သိပ်ပြီး မျက်စိ တောင် မဖွင့်နိုင်တော့ဘူးတဲ့။

'ဟား ဟား ဟား ဘုန်းဘုန်း ဘုန်းဘုန်း'

'ဟေ ဘာလဲပြော'

ပုံပြောသော ဦးပဥ္စင်းလေးမှာ သူတို့ တစ် ချက်တစ်ချက် ဝင်ထောက်လိုက်လျှင် လန့်နေ ရလေ၏။

'ဒီကောင် မဲလုံးလည်း ဟိုတစ်နေ့က အဲဒီလို မျက်နှာကို ပျားတုပ်တာခံရဖူးတယ် ဘုန်းဘုန်းရဲ့'

'ဟုတ်ရဲ့လား မဲလုံး'

'ဟုတ်တယ် ဘုရား'

'မင်းက ပျားအုံကို ဘာသွားလုပ်လို့လဲ၊ ပျားနှုတ်တာလား'

'တပည့်တော်က ပျားအုံကို ဘာမှသွား မလုပ်ဘူးဘုရား။ ကိုယ့်ဘာသာကိုယ် ငှက်ဥ တက်နှိုက်တာ။ အဲဒါကို ပျားတွေက တပည့် တော်ကို လိုက်တုပ်တာ'

'အေး နောက်ဆို ငှက်ဥလေးတွေ သူ့ဟာ သူ နေတာ သွားမနှိုက်နဲ့၊ ကြားလား၊ ဝဋ်ခံရ တတ်တယ်'

'မှန်ပါ့ဘုရား'

'ပျားတုပ်တော့ မနာဘူးလား'

'အရမ်းနာတယ်ဘုရား။ နာလို့ ငိုတော့ အမေက ကြက်သွန်နီဥကို တစ်ခြမ်းခွဲပြီး အစေး နဲ့တို့ပေးတာ'

'ကောင်းသွားရောလား'

'မှန်ပါ၊ ကောင်းသွားတယ်ဘုရား'

'အေးအေး မှတ်သားစရာပဲ'

ကဲ… ပုံပြင်ဆက်ပြောမယ်….။ ဘယ်တောင်ရောက်သွားတယ်မသိဘူး။ မဲလုံး လေး ပျားတုပ်ခံရတာ၊ အဲ…အဲ…တော့်လေး ပျားတုပ်ခံရတာ။ သူ့အမေက အကြောင်းစုံ သိရတော့ တော့်လေးကို ပြောလိုက်တယ်။

'သားရယ်…ဖျိုင်းတို့၊ မှိုတို့ဆိုတာက အဖြူပါကွယ်။ အခုဟာက နီညိုရောင် ဘာမှ လည်းမဆိုင်ပါဘူးဟယ်။ နင်မို့ အ၊အ လွန်း ပါတယ်'

'ဒါဆို သားက ဘာလုပ်ရမှာလဲဗျာ၊ တစ် ခါတည်း ရှင်းအောင်ပြောစမ်းပါ'

'ဩော် ဒီလို ပျားတို့ဘာတို့ဆိုတာက မှို တွေလို ငြိမ်နေတာမဟုတ်ဘူးဟဲ့။ ဖျိုင်းလို သွား နေတာ။ ဟော…ကိုယ်က ဒါမျိုးကို တွေ့ပြီ ဆိုရင် အနီးနားကို မသိမသာလေးသွားပြီး မီးနဲ့

www.dhammaransi.com



မြိုက်ရတယ်ဟဲ့၊ ဒါမှ ပျားတွေက ထွက်ပြေးပြီး ကျန်တဲ့ပျားရေကို ကိုယ်က စားရမှာ'

'သြော်…အဲ့ဒီလိုလား၊ စောစောက ပြောရောပေါ့ အမေရယ်…'

ပျားတုပ်ခံရတဲ့ ဒဏ်ရာတွေပျောက်တော့ မောင်တုံးလေး ဟင်းရှာထွက်ပြန်တယ်။ ဒီတစ်ခါ သူတွေ့ကလည်း နီညိုရောင်ပဲ။ မှို တွေလို အဖြူရောင်လည်းမဟုတ်ဘူး။ ငြိမ် လည်း မနေဘူးဆိုတော့ တုံးက သူ့အမေမှာ ထားတာကို အမှတ်ရပြီး အဲဒီနီညိုရောင်ကြီး ဘေးနားကို အသာလေး မသိမသာ ကပ်သွား လိုက်တယ်။ ပြီးတော့ ဆတ်ခနဲ မီးခြစ်ခြစ်ပြီး မီးနဲ့မြိုက်တော့တာပဲ။

'ဘုန်းဘုန်း တုံးက ဘကြီးကိုမီးနဲ့ မြိုက်နေလဲဘုရား'

'သြော်…အေး…ပြောဖို့ မေ့ကျန်ခဲ့တယ်၊ သူ မီးမြိုက်နေတာက ဘုန်းကြီးကွ၊ သင်္ကန်း နီညိုကြီးရုံပြီး ဆွမ်းခံကြွနေတဲ့ ဘုန်းကြီး၊ အဲဒါ ကို သွားပြီး မီးနဲ့ရှို့နေတာ'

'ဟား ဟား ဟား ဟား တုံးကတော့ လုပ်ချလိုက်ပြန်ပြီကွာ။ ပျားအုံနဲ့ ဘုန်းကြီးနဲ့ မှားနေရတယ်လို့ ဟား ဟား'

ကလေးများသည် ဦးပဥ္စင်းလေး ပြောပြ နေသော ပုံပြင်ကို အလွန်သဘောကျနေကြလေ ၏။ ပုံပြင်ထဲက တုံး၏ မီးရှို့ခြင်းကို ခံနေရ သော ကိုယ်တော်၏ နေရာတွင် ပုံပြောနေသော သူတို့၏ဆရာကို စိတ်ကူးဖြင့် ထည့်ကြည့်ကာ သဘောခွေ့နေခြင်းလည်း ဖြစ်ပုံရလေသည်။

အဲဒီတော့ ဘုန်းကြီးက သူ့ကို မဟုတ်က ဟုတ်က လုပ်ရပေါ့မလားဆိုပြီး လိုက်လို့ တုံး လေး ပြေးပေါက်မှားရပြန်ရော…။ အိမ်ရောက် လို့ သူ့အမေကို အကြောင်းစုံ ပြောပြတော့ သူ့အမေက -

'နင် ဒီလောက်အ,တာ ပြေးရတာတောင် နည်းသေးတယ်'

လို့ပြောတယ်။ ပြီးတော့ -

'သားရယ်…ပျားအုံနဲ့ဘုန်းကြီး တစ်ခြား စီပါဟယ်။ နီညိုရောင်ခြင်းတူပေမယ့် ပျားအုံ ဆိုတာက သေးသေးလေး။ ဘုန်းကြီးဆိုတာက အကြီးကြီး။ ဘာမှ မဆိုင်ပါဘူးဟယ်။ သိသာ ပါတယ်။ ဒီတစ်ခါ အဲဒီလို သင်္ကန်းအနီတို့ အဝါတို့ဝတ်ထားတဲ့ ဘုန်းကြီးတွေဘာတွေကို တွေ့ရင် ရှေ့နားလေးကိုသွား ရှိခိုး ဦးချပြီး 'ဘုန်းဘုန်း ငှက်ပျောသီးစွန့်ပါဘုရား၊ အုန်းသီး စွန့်ပါဘုရား' လို့ ရိရိသေသေ လျှောက်ရတယ် ဟဲ့'လို့လည်း ထပ်မှာလိုက်သေးတယ်။

အဲဒါနဲ့ နောက်တစ်ခါ တုံးလေး ဟင်းရှာ ထွက်တော့ တောစပ်နားမှာ အစာရှာနေတဲ့

www.dhammaransi.com



ကျားကြီးတစ်ကောင်ကို သွားတွေ့တယ်။

'ဟာ ဒုက္ခပါပဲ'

ပုံပြင်နားထောင်နေသော ကလေးတစ်ယောက်က ထအော်လိုက်ခြင်းဖြစ်၏။

ကျားကြီးကိုမြင်တော့ ငတုံးလေးက သူ့အမေ မှာလိုက်တဲ့အတိုင်း ကျားကြီးရှေ့နားကို သွားရှိခိုးပြီး-

'ဘုန်းဘုန်း ငှက်ပျောသီး စွန့်ပါဘုရား။ အုန်းသီးစွန့်ပါဘုရား'

လို့ သွားပြောတာ ငတုံးလေးလည်း ကျားကြီးကိုက်လို့ သေပါလေရော…တဲ့။

ပုံပြင်၏အဆုံးတွင် ကလေးများက မနေမနား ဝိုင်းဟားကြလေ၏။

'ကဲ ကဲ ပုံပြင်လည်း ပြောပြီးသွားပြီဆိုတော့ စာဆက်သင်ကြရအောင်နော်'

'မှန်ပါ့ဘုရား'

'ဟဲ့ မာတောက်…လာလေ ကစားမယ်'

'ငါ အခု မကစားအားသေးဘူးဟာ…။ အင်္ဂလိပ်စာတွေ ကျက်စရာရှိသေးလို့'

မာတောက်၏ စကားကြီးစကားကျယ် အပြောကြောင့် မိစုက နှုတ်ခမ်းရွဲ့ပြ၏။ မာတောက်ကလည်း ကလေးချင်းပေမယ့် အကင်းပါးသည်။ သူ့ကို အထင်သေးသဖြင့်သာ ဤသို့ ပြုမူကြောင်း သိလေ၏။ ထိုအခိုက် ပေတေးနှင့်ကလေးတစ်အုပ် မာတောက်နှင့် မိစု ရှိရာသို့ ဦးတည်၍ လာနေကြသည်။ တက်တူ၊ ချိုတူး၊ မဲလုံးနှင့် အောင်ဘုတို့လည်း ပါ၏။

'ကဲ ငါတို့အဖွဲ့ ခြောက်ယောက်စုံတုန်း အင်္ဂလိပ်ကဗျာ ဆိုပြမယ်။ နင်တို့အကုန်လုံး နားထောင်ထားကြနော်'

အောင်ဘု၏ စကားအဆုံးတွင် မိန်းကလေးအဖွဲ့က အချင်းချင်း နှာခေါင်းရှုံ့ပြကြ၏။ ထိုအချိန်တွင် ကမ္ဘာကျော် သင်တန်းသား ခြောက်ယောက်က ရွာဦးဘုန်းတော်ကြီးကျောင်းတွင် သင်ခဲ့ရသော အင်္ဂလိပ်ကဗျာကို မပီမသဖြင့် လက်ခုပ်တီးရင်း သံပြိုင်ဟစ်နေကြလေတော့သည်။ ထိုအထဲတွင် မာတောက်၏ အသံမှာ အကျယ်ဆုံး ဖြစ်လေ၏။

'ဟောင်း ဒူး ယူ ဒူး။ မဲရီ မိုက်ကယ်။ ဟောင်း ဒူးယူ ဒူး' (လက်ခုပ်သံနှစ်ချက်)

အစ်သဲ အဲနီးသင်း သဝှက်ဝီခန်ဒူး ဖော်ယူ (လက်ခုပ်သံနှစ်ချက်)

ဝီ အာ ဂလတ်တူ ဝဲခမ်းယူ။ အန် ဝီဟုပ် ယူလိုက်အပ် တူး

'ဟောင်း ဒူး ယူ ဒူး။ မဲရီ မိုက်ကယ်။ ဟောင်း ဒူးယူ ဒူး' (လက်ခုပ်သံနှစ်ချက်)

မိန်းကလေးများအဖွဲ့က သူတို့ကို ကျော

www.dhammaransi.com



သွားသော မာတောက်တို့အဖွဲ့ကို မကျေနပ်ကြ။ သို့သော် သင်တန်း လိုက်တတ်ရန် အကပ် လိုသည့်အထင်ဖြင့် မျက်နှာချိုသွေးကြရလေ သည်။

'ငါတို့လည်း မနက်ဖြန်ကျရင် နင်တို့နဲ့ အတူ သင်တန်းလိုက်တတ်မယ်လေ။ ခေါ်မှာ လား'

'အေးလေ ခေါ်ရမှာပေါ့။ နင်တို့ ဘယ် နှစ်ယောက်လိုက်မှာလဲ'

'ငါက ငါ့မောင်လေးပါ ခေါ်ခဲ့မှာ'

'ငါက ငါ့သူငယ်ချင်းတွေ အကုန်လုံးကို ခေါ်ခဲ့မယ်'

'အေး အေး ခေါ်ခဲ့ ခေါ်ခဲ့ ဘုန်းဘုန်း တွေက ချိုချဉ်လည်း ကျွေးတယ်'

'ရိုက်သေးလား နင်တို့ကို'

'မရိုက်ပါဘူး။ ပုံပြင်တွေတောင် ပြောပြ သေးတယ်'

'အေး ဒါဆိုရင် ငါလည်းလိုက်မယ်။ မနက်ဖြန်နင်တို့သွားရင် ငါ့အိမ်ကိုလည်း ဝင် ခေါ်ဦးနော်'

'အေးပါ၊ စိတ်ချ'

ကလေးအချင်းချင်း ပညာရေးတွင် အနိုင် မခံ အရှုံးမပေးချင်သည့် ဂုဏ်တုဂုဏ်ပြိုင်စိတ် ဖြင့် သတင်းလွှင့်လိုက်ရာ တစ်ရွာလုံးနီးပါးရှိ ကလေးအပေါင်းတို့ သင်တန်းတက်ချင်စိတ် ပေါက်သွားလေတော့သည်။ ကမ္ဘာကျော်ခြောက် ယောက်၏ ကြွားလုံးဝါလုံးများကား သင်တန်း ၏ အဓိက ပရိုမိုးရှင်းပေတည်း။

သင်တန်း ဒုတိယရက် နံနက်စောစော ကိုယ်တော်ခြောက်ပါး အရုဏ်ဆွမ်းဘုဉ်းပေး နေကြစဉ် ကလေးအုပ်တစ်စုသည် ရွာဦးဘုန်း တော်ကြီးကျောင်းဘက်သို့ ချီတက်လာကြ၏။ တက်တူတို့အဖွဲ့က ဦးဆောင်လာခဲ့ခြင်းဖြစ် သည်။ ထို့နောက် ကလေးများ ကျောင်းသို့ ရောက်သောအခါ သင်တန်းဆရာများက စာရင်း ကောက်ယူပြီး စတင်သင်ကြားပို့ချလေ၏။ တပည့်များ တိုးလာသဖြင့် ဆရာများက အားပါးတရသင်ကြားပေးသကဲ့သို့ ကလေးများ လည်း ချိုချဉ်ငုံရင်း ပျော်ပျော်ပါးပါး အော်ကြ ဟစ်ကြ၏။ သို့နှင့် သင်တန်းကာလဆယ့်ငါး ရက်ခန့်သို့ရောက်လာသောအခါ သင်တန်းသား သင်တန်းသူ အယောက် တစ်ရာ့ငါးဆယ်ခန့် ဖြစ်လာလေတော့သည်။ လူကြီးမိဘများက လည်း စိတ်ဝင်စားမှု ပိုလာကြသဖြင့် ဘုန်းကြီး ကျောင်းသို့ လာရောက်၍ သင်တန်းဆရာ ဦးပဥ္စင်းလေးများနှင့် ရင်းနှီးမှုရယူကြ၏။ ထို့ ကြောင့် သူတို့အဖွဲ့ ထူထောင်လိုက်သော နွေ

www.dhammaransi.com



ရာသီယဉ်ကျေးလိမ္မာသင်တန်းလေးသည် ပိတ်ရက်နှင့် နီးကပ်လာသည်နှင့်အမျှ အမှန်တကယ်သင်တန်းရုပ်ပေါက်လာလေ၏။

သင်တန်းဆရာများထဲတွင် ကလေးကြိုက်ကဗျာများကို ရွတ်ဆိုရာ၌ လွန်စွာအသံကောင်းသော ဦးဉာဏဒီပကို ကလေးများက အထူးနှစ်ခြိုက်သဘောကျ၏။ သူ့အချိန်များဆိုလျှင် အလွန်ပျော်ရွှင်နေတတ်ကြသည်။ ထို့အတူ ပုံပြောကောင်းသော ဦးပဉ္စင်းဦးဇောတိက၏ စာသင်ချိန်များတွင်လည်း လက်ခုပ်လက်ဝါးများ ပင်တီး၍ စိတ်ဝင်တစား နားထောင်အားပေးကြ၏။ ချိုချဉ်ကျွေးပြီးမှစာသင်သော ဆရာတော်လေးဦးအရိယ၏ အချိန်များဆိုလျှင်လည်း ကျေနပ်ကြသည်သာ...။

ထိုကဲ့သို့ ဆွဲဆောင်မှုအမျိုးမျိုးနှင့် မရိုးရလေအောင် သင်ကြားပြသတတ်သော သူတို့၏ သင်တန်းမဟာသည် တစ်လတိတိပြည့်မြောက်သော မေလ(၂၂)ရက်နေ့တွင် အောင်မြင်စွာ ပြီးဆုံးခြင်းသို့ ရောက်လေတော့သည်။

သင်တန်းမပြီးခင်စပ်ကြား သင်္ကြန်တွင်းကာလများ၌ လူကြီးများအတွက် အခါကြီးရက်ကြီးတရားပွဲများကိုလည်း ခြိမ့်ခြိမ့်သဲ ကျင်းပပေးနိုင်ခဲ့ကြ၏။ သင်တန်းပိတ်ပွဲနေ့တွင်မူ ဆဋ္ဌမတန်းကျောင်းသူ သမီးလေး မေမြတ်လင်း၏ ဗုဒ္ဓဝင်အကြောင်း ပြောကြားခြင်းအစီအစဉ်ကို ထူးထူးခြားခြား ထည့်သွင်းခဲ့ရာ ကလေးတစ်ယောက်၏ ဟန်ကျပန်ကျ ပြောဆိုတတ်မှုကို ရင်သပ်ရှုမောစွာ ကြည့်ရှုနားထောင်ရင်း တက်ရောက်လာသူအပေါင်းမှာ မျက်ရည်ပင် မဆည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

တစ်နှစ်တာအတွက် နွေရာသီသင်တန်းလေးကား ပြီးဆုံးသွားခဲ့ပြီဖြစ်၏။ သူတို့အဖွဲ့အားလုံးလည်း ရန်ကုန်တွင် ကျောင်းပြန်တက်ဖို့ရာ အချိန်ကျရောက်လာလေပြီ။ အားလုံးက ဝမ်းနည်းပက်လက် မျက်ရည်စက်များဖြင့် ကားဂိတ်သို့ လိုက်ပို့ကြလေ၏။ နောက်နှစ်နွေရာသီကိုရောက်လျှင် ဆက်ဆက်ပြန်ကြွလာဖို့ မမေ့ကြရန်လည်း တဖွဖွ မှာကြားနေကြလေသည်။

ထိုအချိန်တွင် မိုးစက်မိုးပေါက်များ တဖွဲဖွဲ လွင့်ကျလာလေ၏။

မိုးဦးကျတော့ပေမည်။

နွေရာသီတွင်လည်း ဦးဇောတိကနှင့်အဖွဲ့သည် အုန်းပင်စုရွာလေးတွင် ယဉ်ကျေးလိမ္မာတရားဓမ္မမိုးများ အစွမ်းကုန်ရွာသွန်းဖြိုးခဲ့ပေးပြီးဖြစ်လေ၏။

*ပြည့်သခင်*

www.dhammaransi.com



# သာသနာပြုသူတို့၏ဘဝမှတ်တမ်းများ (၆)

သန်းရွှေပိုင်(တမူး)

ကော်ဆမ်မိန်းကျေးရွာ သာသနာပြုကျောင်းသို့ ရောက်ရှိလာသောရဟန်းတော်အား ကျောင်းတောင်မပြီးသေးသဖြင့် မိုင်းယောင်းဗဟိုပြုသာသနာပြုကျောင်း၌ ခေတ္တသီတင်းသုံးစေပါသည်။ လုပ်ငန်းရှင်ထံသွား၍ ကျောင်းအမြန်ဆောက်ပေးရန် တိုက်တွန်းရ၏။ ငွေအပြည့်ပေးချေပြီးသော်လည်း ကျောင်းလာရောက်ဆောက်ပေးခြင်း မရှိသေးပေ။

၂၀၀၉-ခုနှစ် ဇန်နဝါရီလ(၇)ရက်တွင် ကော်ဆမ်မိန်းကျေးရွာ ပေ(၂၀×၃၀)သွပ်မိုးထရံကာ ကျောင်းဆောင်ကို စတင်ဆောက်လုပ်ရာ (၂၃.၁.၂၀၀၉) ရက် (၁၅)ရက်နှင့် အပြီးတည်ဆောက်သွား၏။ ထုတ်၊ ယောက်၊ ဒိုင်း၊ မျှားနှင့်တံခါး၊ ပြူတင်း၊ ထရံ အချောကိုင်ခြင်းများကို ကြိုတင်ဖြတ်တောက်ပြုလုပ်စီစဉ်ထားပြီး တပြိုင်တည်းတည်ဆောက်ခြင်းဖြစ်သည်။

ကျောင်းဆောက်ပြီးသောအချိန်တွင် ဆရာတော်လည်း ရောက်ရှိနေပြီဖြစ်၍ ကျောင်းတင်ပွဲ၊ ကျောင်းရေစက်ချပွဲ၊ သာသနာပြုဌာနဖွင့်ပွဲများ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်စွာ ဖော်ဆောင်သည့် နေ့ထူးနေ့မြတ်ဖြစ်သည့် ၂၀၀၉-ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက် ပြည်ထောင်စုနေ့တွင် ကျောင်းရေစက်ချပွဲကျင်းပရန် သတ်မှတ်ကြပါသည်။

ကျောင်းရေစက်ချပွဲကို မိုင်းယုမြို့နယ်ခွဲရှိ ကျောင်းများမှဒေသခံ ရှမ်းဆရာတော်ကျောင်းထိုင်များ အားလုံးပါဝင်သည်။ မိုင်းယောင်းမြို့နယ်မှ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဗဟိုဆရာတော်၊ ဝမ်စလီသာသနာပြုဆရာတော်နှင့် မိုင်းဟန်ဆရာတော်တို့ပင် ပါဝင်သည်။

မိုင်းဖြတ်မှ မိုင်းယုသို့ ရှေ့တန်းထွက်လာသော တပ်ရင်းမှူးမှ ဒန်ပေါက်ပွဲ(၃၀၀)ဖြင့် ဆွမ်းကပ်ခြင်း ညှော်ပရိသတ်များကျွေးမွေးခြင်း

www.dhammaransi.com



များဆောင်ရွက်သည်။ ကြွရောက်လာသော ဧည့်ပရိသတ်များနှင့် ရွာလုံးကျွတ်ကျွေးနိုင်ရန် စာရေးသူနှင့် သာသနာပြုဗဟိုဆရာတော် မိုင်းယုဆရာတော်တို့ တိုင်ပင်ကာ ဆန်(၂)တင်း ဟင်း(၅၀)ကို ကျွေးရွာ၌ချက်ပြုတ်၍ လာလာသမျှသော ဧည့်ပရိသတ်တို့အား ကျွေးမွေးစေပါသည်။

၁၂.၂.၂၀၀၉ ပြည်ထောင်စုနေ့ဖြစ်သည့် အားလျော်စွာ မိုင်းယုရှိ ရှမ်းပျိုမြူများမှ အားခါဝတ်စုံဝတ်ဆင်လျက် အားခါရိုးရာအကများဖြင့်လည်းကောင်း ပတ်ဝန်းကျင် ရှမ်းရွာများရှိ ရှမ်းပျိုမြူများက ရှမ်းရိုးရာအကများဖြင့်လည်းကောင်း ပြည်ထောင်စုနေ့၏ အနှစ်သာရများကို ဖော်ပြနေသကဲ့သို့ ကော်ဆမ်မိန်းကျေးရွာ သာသနာပြုဌာနကျောင်းဖွင့်ပွဲ၊ ရေစက်ချပွဲ၏ပုံရိပ်များကလည်း ကိုယ်တိုင်ပုံဖော် ဖန်တီးသူအဖို့ တစ်သက်မမေ့လောက်စရာ နေ့ထူးနေ့မြတ် အမှတ်တရ မြင်ကွင်းတစ်ခု နေ့တစ်နေ့ဖြစ်ခဲ့ပါသည်။ (၁၂.၂.၂၀၀၉)ရက် ပြည်ထောင်စုနေ့ ကျောင်းရေစက်ချပွဲ အခမ်းအနားကျင်းပလိုက်ခြင်းသည် "ဗုဒ္ဓဘာသာ ဒို့အားခါ" ဟူသည့် ဆိုင်းဘုတ်လေးကို ထပ်မံခွန်းအား ဖြည့်ပေးလိုက်ခြင်းလည်း ဖြစ်ပေသည်။

တနည်းအားဖြင့် အားခါတိုင်းရင်းသားတို့၏ ရင်ထဲနှလုံးသားထဲသို့ ဗုဒ္ဓတရားတော်များ အရောက်ပို့ပေးခြင်းလည်း ဖြစ်သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (နပသ)၏ ရည်ရွယ်ချက်များထဲမှ တစ်ခုဖြစ်သည်။ လူတိုင်းတွေ့ကြုံခံစားနေရသော "ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းတို့ကို ဗုဒ္ဓတရားတော်ဖြင့် သက်သာပျောက်ကင်းချမ်းသာစေရန်" ဟူသောရည်ရွယ်ချက်အတိုင်း ဖော်ဆောင်ပေးလိုက်ခြင်းဖြစ်သည်။

ကော်ဆမ်မိန်းကျေးရွာ ဘုန်းကြီးကျောင်း ရေစက်ချပွဲ အခမ်းအနားစည်ကားလှ၏။ ဒန်ပေါက်ပွဲ(၃၀၀)မကျန်သလို ဝက်သားဟင်းနှင့် ဆန်(၂)တင်းချက်လည်း ကုန်ခဲ့၏။ တစ်ရွာလုံး မီးခိုးတိတ် ကျွေးမွေးခဲ့၏။ ပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်းရှိပြီး ဘုန်းကြီးမရှိသော ဝမ်မိုင် မိုင်းလုံးရွာ၌လည်း ဘုန်းကြီးကျောင်းသာရှိပြီး ဘုန်းကြီးမရှိသဖြင့် ရွာသူကြီးများကလည်း ကော်ဆမ်မိန်းရွာကဲ့သို့

www.dhammaransi.com



မိမိတို့ရွာအတွက်လည်း သာသနာပြုရဟန်း တောင်းပေးရန် ပြောကြားလာသော်လည်း ကူညီဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ပါ။

ကျောင်းရေစက်ချပွဲ၊ ကျောင်းတင်ပွဲနှင့် သာသနာပြုဌာနဖွင့်ပွဲအခမ်းအနားများကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပါသည်။ အခမ်းအနားကို ကြွရောက်လာသော ဧည့်ပရိတ်သတ်များမှ သာသနာပြုဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဘဒ္ဒိယထံမှ သီလခံယူဆောက်တည်ခြင်း၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒခံယူခြင်း၊ ပရိတ်တရားတော်နာယူခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ရန်ကုန်မှ သာသနာပြုရဟန်းတော်အဖြစ် သာသနာ့တက္ကသိုလ် ဓမ္မာစရိယဘွဲ့ယူနိုင်ရေး တာဝန်ပေးချက်အရ တောထွက်ကြွလာအသစ်စက်စက် န-ပ-သ သာသနာပြုရဟန်းတော် ဆရာတော်အရှင်စန္ဒာသီရိ တရားဟောအလှည့်ရောက်လာပါသည်။ ယင်းဆရာတော်သည် တက္ကသိုလ်၌ လေးနှစ်လုံးလုံး ပရိယတ္တိပညာများ ဆည်းပူးခဲ့သည်။ ပညာကုန်ထုတ်၍ ဟောမည်ဟု စာရေးသူထင်မှတ်လျက်စောင့်စားနေစဉ် "ဦးဇင်းအနေနဲ့ ကော်ဆမ်မိန်းရွာ သာသနာပြုကျောင်း၌ (၂)နှစ်ပြည့်သော်လည်း ဘွဲ့ယူကာမပြန်ဘဲ ငါးနှင့်ပြည့်အောင် သီတင်းသုံးသာသနာပြုသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလျက်" တရားနိဂုံးချုပ်သွားခဲ့သည်။

သို့သော်လည်း ဆရာတော်အရှင်စန္ဒာသီရိသည် ငါးနှစ်သာသနာပြုမသွားပါ။ (၂)နှစ်ပြည့်သည်နှင့် ဘွဲ့ယူကာပြန်သွားပါသည်။ ကျောင်းရေစက်ချပွဲ အစီအစဉ်အရ နောက်ဆုံးရေစက်ချအမျှအတန်းပေးဝေခြင်းကို မိုင်းယုသာသနာပြုဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစိတ္တမှ ရေစက်ချအနုမောဒနာတရားတော်ချီးမြှင့်ပြီး အမျှအတန်းပေးဝေခဲ့ပါသည်။ ၂၀၀၉-ခုနှစ်ဖေဖော်ဝါရီလ (၁၂)ရက်နေ့ကို အားခါကော်ဆမ်မိန်းရွာ၏ သာသနာပြုဖွင့်ပွဲ နေ့ထူးနေ့မြတ်အဖြစ် မှတ်တမ်းပြု တင်ပြအပ်ပါသတည်း။

**သန်းရွှေပိုင်(တမူး)**

www.dhammaransi.com



# အမျိုးဘာသာ သာသနာကာကွယ်စောင့်ရှောက်ဖို့ ကျောင်းသား/သူလေးများကို လေ့ကျင့်ပြုစု မျိုးထောင်ပေးကြစို့

## အရှင်နန္ဒိသေန-ပေါက်

၂၃-၁-၂၀၁၆ ရက် စနေနေ့က ပေါက်မြို့နယ် မြေနီမြောက်ရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စုံညီပွဲတော်အတွက် ဖိတ်ကြား၍ ဆိုင်ကယ်ဆရာ မောင်နန်းဝင်းထိုက်နှင့်အတူ သွားရောက်ဖြစ်သည်။ ယခင်နှစ်များက ဖိတ်ကြားခဲ့သော်လည်း မသွားရောက်ဖြစ်ခဲ့ပေ။

ဒီနှစ်တော့ ဆရာလှိုင်ဝင်းထက်က ''ဘုန်းဘုန်းတပည့်တော်တို့ ကျောင်းရဲ့ ပညာရည်ချွန်ဆုပေးပွဲတော်ကို ကြွရောက်အားပေးဦးဘုရား''ဟု လျှောက်၍ ''အေးအေး ကြွဖြစ်အောင် ကြွခဲ့မယ်''ဟု ပြောလိုက်သည်။

ဆရာလေး လှိုင်ဝင်းထက်က စာရေးသူအတွက် အားကိုးရသော ဆရာလေးတစ်ယောက်ဖြစ်သည်။ သူကျောင်းဆရာ မဖြစ်ခင်ကတည်းက စာရေးသူ တစ်ခြားမြို့/ရွာများသို့ သာရေးနာရေးကိစ္စရှိ၍ သွားချင်လျှင် ဆိုင်ကယ်ဖြင့် မငြိုမငြင် လိုက်ပို့ပေးတတ်သည်။ သပွတ်စုရွာတွင် ရွာပေးဆရာအဖြစ် တာဝန်ထမ်းတော့လည်း ကျောင်းဆင်း ကျောင်းပိတ်ရက်များတွင် စာရေးသူ သွားစရာရှိသည့်အရပ်ကို ဆိုင်ကယ်ဒရိုင်ဘာ၊ ဘုန်းကြီးကျောင်းသားအဖြစ် ပို့ဆောင်ပေးသည်။

ယခု မြေနီမြောက်ရွာသို့ ဆရာအဖြစ်နဲ့ တာဝန်ထမ်းဆောင်နေသော်လည်းပဲ ရွာကို ပြန်ရောက်တိုင်း စာရေးသူထံလာပြီး သွားလိုရာ ခရီးလိုက်ပို့ပေးတတ်သည်။ စာရေးသူထံ ညှော့သည့် အာဂန္တုများရောက်လာလျှင်အကြို အပို့ လုပ်ပေးတက်သည်။ လူမှုဆက်ဆံရေးနှင့် ပတ်သက်လျှင်လည်း ကြိုဆိုညှော့ခံတတ်သည်။ ဝေယျာဝစ္စနှင့်ပတ်သက်လျှင်လည်း အိုးခွက် ပုဂံဆေးကစ၍ အားကိုးရသည်။ ဆရာလေး-

www.dhammaransi.com



၁၀တန်း တက်ရောက်ပညာသင်ကြားစဉ်က ပေါက်မြို့၊ သာသနာဝေပုလ္လတောင်ဦးကျောင်းမှနေ၍ အထကကျောင်းသို့ တက်ရောက်ခဲ့သည်။ ဘုန်းတော်ကြီးကျောင်းထွက်ဖြစ်၍ ဘုန်းတော်ကြီးများနှင့် ဆက်ဆံရေး ပို၍အဆင်ပြေသည်။

ရွာစာသင်ကျောင်း ရွာပေးဆရာအဖြစ် တာဝန်ထမ်းဆောင်တဲ့အချိန်မှာ သူနဲ့အတူ ဆရာမ သီဂီတင်၊ သီဂီမြင့်၊ ခင်စိုးစိုးအောင်တို့လည်း ထမ်းဆောင်နေကြသည်။ သူတို့ကို စတင်၍ အကူအညီတောင်းသည်။ မင်းတို့ ကျောင်းသား/သူများနှင့်အတူ ဘုန်းဘုန်းကျောင်းသန့်ရှင်းရေး ဝေယျာဝစ္စလုပ်အားဒါန လုပ်ပေးစေချင်တယ်။ နှစ်လ တစ်ကြိမ်၊ သုံးလ တစ်ကြိမ်ဖြစ်စေ၊ အခါကြီး ရက်ကြီးများတွင် ဖြစ်စေ၊ ဘုရားပွဲ၊ ကျောင်းပွဲ၊ ကထိန်ပွဲများတွင်ဖြစ်စေ ဆောင်ရွက်ပေးစေချင်တယ်။ ဘုရားကျောင်းကန်တွေမှာ သန့်ရှင်းရေးလုပ်ပေးရတယ်ဆိုတာ သိစေချင်လို့ပါ။ အစဉ်အလာလည်း ဖြစ်သွားစေချင်လို့ပါ။ ရပါတယ်ဘုရား။ ကျောင်းသား/သူများကို ခေါ်ပြီး လာရောက် လုပ်ဆောင်ပေးပါ့မယ်ဘုရားဟု လျှောက်သည်။

တစ်ရက်မှာလည်း သပွတ်စုရွာ အလကကျောင်း(ခွဲ)၏ ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်စဉ် ဩဝါဒစကားပြောကြားခွင့်ရ၍ ဆုံးမဩဝါဒစကားပြောကြားခဲ့သည်။ ထိုပွဲတွင် ဆရာ/မများနှင့် ကျောင်းသား/သူများထံမှ လုပ်အားဒါန အလှူခံခဲ့သည်။ ကျောင်းသား/သူများကိုလည်း ဘုန်းဘုန်းအနေနဲ့ ပညာရေးအားပေးမည်ဖြစ်ကြောင်း၊ စာသင်ကျောင်း၏လိုအပ်ချက်များကို အကြောင်းတိုက်ဆိုင်ရင် နီးစပ်ရာ ဒကာ/မများ၊ ဆရာသမားများထံ တင်ပြ၍ အကူအညီတောင်းပေးမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။

ထိုအချိန်မှစ၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေး၊ ဆရာကြီး ဦးဌေးလှ၊ ဆရာမကြီး ဒေါ်ဝင်းတင်၊ ဒေါ်သိန်းရှင်၊ ခင်ချမ်းမြေ့၊ ယုမွန်အောင်၊ နှင်းအိဖြူတို့ပါ ကျောင်းသား/သူများနှင့်အတူ အခါကြီး ရက်ကြီးများတွင် စာရေးသူကျောင်းသို့ လာရောက်၍ လုပ်အားပေးကြသည်။ ဝါဆိုပွဲ၊ သီတင်းကျွတ်ပွဲ၊ ဘုရားပွဲ၊ ကထိန်ပွဲ၊ ကျောင်းပွဲများ နီးလာလျှင် ဆရာ/မများထံ အကြောင်းပြု

www.dhammaransi.com



လိုက်ပါက ဘုရားပတ်ဝန်းကျင်၊ ကျောင်းပတ်ဝန်းကျင်တို့တွင် အမှိုက်လှည်းခြင်း၊ မြက်နှုတ်ခြင်း၊ ကျောင်းမြေဖို့ခြင်းများကို လာရောက်လုပ်အားပေးတော့သည်။ လုပ်အားပေးအပြန်တွင် ကျောင်းသား/သူများအား ချိုချဉ်ထုတ်များဝယ်ပြီး ၂-လုံးစီ၊ ၃-လုံးစီ စသည်ဖြင့် ဝေကျွေးလိုက်သည်။ အဝစားစရာ မဟုတ်သော်လည်း အလှစားစရာ ပျော်ရွှင်စရာ ပီတိဖြစ်စရာပေါ့။

ဟို… ရှေးရှေးတုန်းက သမိုင်းတွင်ခဲ့တဲ့ ဘုန်းတော်ကြီးကျောင်း ဒဏ္ဍာရီထဲမှာ တော့။ ဟဲ့…ချက်ကြီး။ (ဘုရား)။ မနက်ဖြန် ဥပုသ်နေ့လေကွယ်။ ငါ့ဘုန်းကြီးကျောင်းဝန်းထဲ လာပြီးတော့ နည်းနည်းပါးပါးပြုပြင်မွမ်းမံပေးပါအုန်းဟ။ (မှန်လှပါဘုရား။ တပည့်တော် သူငယ်ချင်းတွေ စုပြီးတော့ လာရှင်းပေးပါ့မယ်ဘုရား။) အေး သာဓုကွယ် သာဓု သာဓု ဟု သမိုင်းတွင်ခဲ့သည်။

အခုတော့ စာရေးသူက ချက်ကြီးအစား ဆရာကြီး ဆရာမကြီးတို့ကို အစားထိုး အားကိုးထားသည်။ အကူအညီတောင်းထားသည်။ "ဟေး ဆရာကြီး/မကြီးတို့ ကျောင်းသား/သူများနဲ့အတူ ဘုန်းဘုန်းကျောင်း လုပ်အားဒါနလေး လာလုပ်ပေးလှည့်ဦးလေကွယ်။ မှန်ပါလုပ်ပေးပါ့မယ်ဘုရား" ဖြစ်၍ အဆင်ပြေနေပါသည်။

အခုလို လုပ်အားပေးကျောင်းသား/သူများ အသက်ကြီးလာ၍ အိမ်ထောင်ကျ သားတွေ၊ သမီးတွေ မြေးတွေ မြစ်တွေ ရရှိသည့်အခါ တို့ငယ်ငယ်တုန်းကလည်း ဘုန်းတော်ကြီးကျောင်းသို့ သွားပြီး လုပ်အားဒါနတွေ လုပ်ပေးခဲ့ရတယ်။ သားတို့၊ သမီးတို့၊ မြေးတို့လည်း ဝေယျာဝစ္စ လုပ်အားဒါနပေးတာဟာ အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ပေးတာနဲ့အတူတူပဲဟု ပြောဆိုပေးကြမည်ဆိုလျှင် "တန်ဘိုးဖြတ်၍ မရသော တန်ဘိုးနည်း လုပ်အားဒါနလေး"ဟု ဆိုချင်သည်။

ထိုဝေလေ့လေးသည်၊ စာရေးသူ သီတင်းသုံးရာ သပွတ်စုရွာ၊ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာ အလကကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေး(အငြိမ်းစားယူ)၊ ဒေါ်သိန်းရှင်(ပြောင်းရွှေ့) သွားသော်လည်း အစားထိုး အဆင့်တိုးတာဝန်ကျလာ

www.dhammaransi.com



သော ဆရာကြီး ဦးသောင်းရွှေ၊ ဦးသက်ခိုင်ဦး၊ ဦးတင်လင်းစိုး၊ ဆရာမ ယင်းမာထွေး၊ သင်းသင်းစိန်၊ ခင်သီတာထွန်းတို့က ဆက်လက်၍ လုပ်အားဒါနကို လုပ်ဆောင်ပေးလျက် ရှိသည်။

စာရေးသူသည် အလကကျောင်း(ခွဲ)ရှိ ကျောင်းသား/သူများ၏ ပညာရေးကို အားပေးသည့်အနေဖြင့် လ-စဉ် လ-ပတ် စာမေးပွဲများတွင် ပထမတန်းမှ အဋ္ဌမတန်းထိ ပထမ-ဒုတိယ-တတိယ ရရှိသူများအား ဆုပေးလေ့ရှိသည်။

ပထမ- ဗလာစာအုပ် ၃၊ ခဲတံ ၁၊ ခဲဖျက် ၁၊ ဘောပင် ၁၊

ဒုတယိ-ဗလာစာအုပ် ၂၊ ခဲတံ ၁၊ ခဲဖျက် ၁၊ ဘောပင် ၁၊

တတိယ-ဗလာစာအုပ် ၁၊ ခဲတံ ၁၊ ခဲဖျက် ၁၊ ဘောပင် ၁၊ ဆုပေးသည်။ စတုတ္ထတန်းမှ အဋ္ဌမတန်းထိ ပထမရရှိသူများအား သီးသန့်ဆုများအဖြစ် ကွန်မာဘူး၊ အထူးထုတ်စာအုပ်၊ အင်္ကျီ၊ ခေါင်းစွပ်၊ လွယ်အိတ်၊ တဘက်-စသည်ဖြင့် တစ်လလျှင် တစ်မျိုး မရိုးရအောင် အလှည့်ကျပေးသည်။ ဆု-ပစ္စည်းက တန်ကြေးမရှိသော်လည်း သူတို့လေးတွေ ပို၍ကြိုးစားချင်စိတ်ရှိအောင် ဆုချပေးခြင်းဖြစ်သည်။

ယခုနှစ် ၂၀၁၅-ခုနှစ်တွင် အချိန်ပိုင်း ညစာကျက်ဝိုင်းကို စတင်စမ်းသပ် အကောင်အထည်ဖော် ဖွင့်လှစ်နေသည်။ ပထမတန်းမှ ဆဋ္ဌမတန်းထိ ကျောင်းသား/သူ ၃၀-ကျော် လာရောက် စာကြည့် စာကျက်ကြသည်။ ညနေ ၅-နာရီ ၃၀မိနစ်လောက်ဆို တစ်ယောက်စ နှစ်ယောက်စ ရောက်လာကြသည်။ ပထမဦးစွာ ဘုရားရှိခိုးသည်။ ပြီးလျှင် မိမိတို့နေရာ အသီးသီးတွင် စာကြည့်စာကျက်စေသည်။ စာရေးသူက နေရာ၊ မီးကို စီမံပေးသည်။ ယခုလောလောဆယ်မှာ စာသင်ခုံတွေ မရှိသေး၍ ဆွမ်းစား စားပွဲများကို အသုံးပြုခွင့်ပေးထားသည်။ အခါအားလျော်စွာ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ခဲဖျက်များကို လှူဒါန်းပေးသည်။ စေတနာဝန်ထမ်းအဖြစ် ၁၀ တန်းအောင် ဘွဲ့ရ ဆရာ/မ ၄-ယောက်ကို ကြီးကြပ်ဆရာအဖြစ် တာဝန်ပေးထားသည်။ ၄င်းဆရာ/မများကို မေတ္တာရည်ဆုကြေး

www.dhammaransi.com




အဖြစ် လ-စဉ်၊ တစ်လ-လျှင် ၁၀၀၀၀ (တစ်သောင်း)ကျပ်စီနှင့် အခါအားလျော်စွာ အမှတ်တရပစ္စည်းများကို ပေးသည်။ ည၈-နာရီ ၃၀-မိနစ်ဆို စာကျက်ဝိုင်းသိမ်းပြီး မိမိတို့အိမ် အသီးသီးသို့ ပြန်ကြသည်။

စာရေးသူကျောင်းမှ ကျောင်းအိပ်၊ ကျောင်းစား ကိုရင် ၆-ပါး၊ ကျောင်းသား ၆-ယောက်တို့လည်း အတန်းကျောင်းတွင် တက်ရောက်ပညာသင်ယူလျက်ရှိသည်။ ၎င်းတို့၏ ကျောင်းသုံးစာအုပ်၊ ဘောပင်၊ ခဲတံ၊ ခဲဖျက်နှင့်ကျောင်းသုံးစရိတ်တို့ကို ပံ့ပိုးထောက်ပံ့ထားသည်။ ထို့ပြင် ဓါတ်ဘူး၊ ရေနွေးခွက်၊ ရေပုံး၊ ရေစစ်၊ တိုင်ကပ်နာရီများကို စာသင်ကျောင်းသုံး ပရိဘောဂအဖြစ် လှူဒါန်းပေးသည်။ ကျောင်းသား/သူများထံမှ လုပ်အားဒါနကို အလှူခံထားသလို ကျောင်းသား/သူများ၏ ပညာရေးကိုလည်း တတ်နိုင်သမျှ ပံ့ပိုးကူညီ လှူဒါန်းထားသည်။

တစ်နှစ်မှာ စာသင်ကျောင်းက ဝါဆိုသင်္ကန်းကပ်ဖို့ လာလျှောက်သည်။ ကျောင်းအုပ်ဆရာမကြီးကို ``ကိုရင်ဝတ်သင်္ကန်းများ လှူဒါန်းပေးဖို့၊ ရဟန်းဝတ်၊ ဘုန်းကြီးဝတ်သင်္ကန်းတွေက လှူသူပေါကြောင်း၊ ကထိန်ပွဲကရ၊ အလှူပွဲကရနဲ့ မဝတ်နိုင်အောင် ပေါများကြောင်း၊ ကိုရင်ဝတ်သင်္ကန်းကတော့ ရှားပါးကြောင်း၊ ဘုန်းဘုန်းရဲ့ ရဟန်းဒကာမကြီး ဒေါ်ခင်မြင့်-မိသားစုကသာ နှစ်စဉ် ဝါဆိုသင်္ကန်းလှူတိုင်း ကိုရင်ဝတ်များပါ အပါးစေ့လှူကြောင်း၊ အခြားလှူဒါန်းသူ မရှိကြောင်း'' စသဖြင့် ပြောလိုက်သည်။ ဆရာမကြီးက အဆင်ပြေအောင် ကိုရင်ဝတ်များ လှူပေးသည်။

ဤကဲ့သို့ စာရေးသူနဲ့ ဆရာ/မများ၊ ကျောင်းသား/သူများ ပူပေါင်းဆောင်ရွက် သာသနာပြုသလို အခြားသော သာသနာပြုဘက် နောင်တော် ညီတော်များလည်း မိမိတို့ရပ်ရွာ၊ ဂေါစရဂါမ်ရှိ ဆရာ/များ၊ ကျောင်းသား/သူများနှင့် ပူပေါင်းဆောင်ရွက် သာသနာပြုနိုင်စေရန် မျှဝေလိုက်ခြင်းဖြစ်ပါသည်။

အရှင်နန္ဒိသေန(ပေါက်)



www.dhammaransi.com



# ချမ်းသာအစစ်ကို ဝေငှခြင်း

သထပ(ကျမ်းပြု)

**ဆင်းရဲအမှန်တရား**

လောကမှလွတ်မြောက်မှုကိုရှာဖွေရာတွင် အလွန်သဘာဝကျသောနည်းကို မြတ်ဗုဒ္ဓက ညွှန်ပြခဲ့၏။ ဤနေရာ၌ လောကမှ လွတ်မြောက်လိုခြင်းသည် ဘာကြောင့်နည်း၊ လောကဆိုတာကြီးက ဘာလိုဟာမျိုးကြီးဖြစ်သနည်းဟူသော အချက်ကိုစီစစ်ကြည့်ဖို့လို၏။

မြတ်ဗုဒ္ဓက သူ၏သဗ္ဗညုတဉာဏ်တော်ဖြင့် စစ်ဆေးကြည့်သောအခါ သက်ရှိသက်မဲ့အားလုံး အကျုံးဝင်သော လောကကြီးသည် ဆင်းရဲအတိပြီးသော ဒုက္ခတုံးကြီးသာဖြစ်၏။ လောကမှာ ပျော်ရွှင်စရာအဖုံဖုံဟု စွဲယူနေကြသော သာယာဖွယ်အာရုံမျိုးစုံသည်ပင် တကယ်ချမ်းသာမဟုတ်၊ သန့်သန့်ချမ်းသာမဟုတ်၊ ဆင်းရဲဒုက္ခတွေချည်းဖြစ်၏ဟု အမှန်အတိုင်းသိမြင်တော်မူပြီးဖြစ်သည်။ လောကကြီး၏ဆင်းရဲဒုက္ခအတိပြီးနေပုံ ဆင်းရဲတွေပြည့်နှက်နေပုံကို အရှိကိုအရှိတိုင်း မြင်တော်မူ၏။ အမှန်အတိုင်း ယထာဘူတကျကျ သိတော်မူ၏။

ယင်းသို့ ဆင်းရဲမှုအတိပြည့်နှက်နေသော လောကကြီးကို မြတ်ဗုဒ္ဓက ဒုက္ခသစ္စာဟု ပါဠိအမည်တပ်လိုက်၏။

လောကကြီးသည် ဆင်းရဲမှုများနှင့် ပြည့်နှက်နေသည်ဟုဆိုရာတွင် ဆင်းရဲမှုရှိနေသော သဘောသဘာဝများက ဘာတွေလဲ၊ လေ့လာကြည့်ကြပါအုံးစို့။

**အိုခြင်းဆင်းရဲ**

လူသားအပါအဝင် သက်ရှိသတ္တဝါများသည် နေ့ရှိသရွေ့ အိုမင်းရင့်ရော်နေကြရ၏။ သစ်ပင်တောတောင်စသော သက်မဲ့တို့သည်လည်း အချိန်နှင့်အမျှ ရင့်ရော်ဆွေးမြေ့နေကြရ၏။ လူသားတို့အနေဖြင့် နုပျိုရုပ်ဆင်းလှပခြင်းကား အိုခြင်းနောက်ဆုံး ရှိနေကြရ၏။ ငယ်သွေးငယ်မွေး ငယ်ရုပ်ကလေးများတဖြည်းဖြည်းပျောက်ပြယ်၍ ဆံဖြူ၊ သွားကျိုး၊ ခါးကိုင်း၊ နားထိုင်း၊ မျက်စိများလည်း မှုန်မှိုင်းလာကြတော့သည်။ ပါးရေ၊ နားရေတွေလည်း တွန့်၍ အိုမင်းရွတ်တွလာကုန်၏။

www.dhammaransi.com



ကာယအား၊ ဉာဏအားတို့ကလည်း ငယ်ရွယ်စဉ်ကလိုမဟုတ်တော့ဘဲ ဆုတ်လျော့လာကြသဖြင့် လုပ်ငန်းကိစ္စ ဆောင်ရွက်ရာတွင်လည်း ဖျတ်ဖျတ်လတ်လတ်၊ တက်တက်ကြွကြွ မလုပ်ကိုင်နိုင်တော့ပေ၊ စိတ်သွားတိုင်းကိုယ်မပါ မခံချိမခံသာ ရှိလှတော့၏။

ဤသို့သော အိုမင်း၊ ရင့်ရော်ခြင်း၏ ဒဏ်ရာ၊ ဒဏ်ချက်တွေကို မလိုချင်ဘဲ မယူချင်ဘဲနှင့် ရယူနေကြရ၏။ ဤပြောင်းလဲမှု ဖြစ်စဉ် သဘောကြီးကို မည်သူကမျှ မလိုလားကြ၊ သို့သော်လည်း လွန်ဆန်၍မရ လက်ခံနေကြရပါ၏။ ယင်းသို့ဆိုလျှင် မအိုချင်ဘဲနှင့် အိုနေရခြင်းသည် ချမ်းသာလား၊ ဆင်းရဲလားဟု ဉာဏ်ဖြင့်စစ်ဆေးကြည့်လျှင် "အိုခြင်းသည်ဆင်းရဲ၏" ဟူသော အဖြေသာ ထွက်ရှိလာပေသည်။ ဤအဖြေသည် လုံးဝ(လုံးဝ) မှန်ကန်သော အဖြေမှန်သာဖြစ်၏။

ဆက်၍ဆိုရပါလျှင် လူသားတို့သည် မွေးခြင်းမှတ်တိုင်မှ သေခြင်းမှတ်တိုင်သို့ ရောက်သည့်အထိ အချိန်မလပ် အိုမင်းရင့်ရော်နေကြရပြီး အိုမင်းခြင်း၏ဒဏ်ကို စက္ကန့်နာရီမလပ်ခံပြီး ရင်းခံနေကြရ၏။ ထို့ကြောင့် အိုခြင်း(ဇရာ)သည် ဆင်းရဲဒုက္ခကြီးဖြစ်၏ဟု သဘောပေါက်နိုင်လောက်ပေပြီ၊ ယင်းသို့ သဘောပေါက်ပြီဆိုလျှင် လူ့ဘဝတစ်ခုလုံးသည် ဆင်းရဲဒုက္ခများ၏ လွှမ်းမိုးခြင်းကို ခံနေရသည်ဟုလည်း နားလည်လက်ခံနိုင်လောက်ပါပြီ။

**နာခြင်းဆင်းရဲ**

လူ့ဘဝတစ်သက်တာပတ်လုံး အမြဲတမ်း ကျန်းမာနေသူဟူ၍ ရှိနိုင်မည်မဟုတ်ချေ။ သီတ-ဥဏှာဆိုသည့်ပူမှု၊ အေးမှုဆန့်ကျင်ဘက် အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ အခြား ရုတ်တရက် ပေါ်ပေါက်လာသည့် အခြေအနေ တရပ်ရပ်ကြောင့်ဖြစ်စေ အဖျားအနာ၊ ရောဂါ ဝေဒနာတို့နှင့် တချိန်မဟုတ်တချိန်ဆိုသလို တွေ့ရကြုံရမည်မှာလည်း သေချာ၏။ သာမန် ရောဂါမျိုးမှာ အခိုက်အတန့်မျှသာဖြစ်၍ မဆိုးလှငြားသော်လည်း အချို့သော ရောဂါဆိုးကြီးတို့ကား တစ်သက်လုံး လူညှဉ်းတုံး၍ လူစဉ်မမီသည့်ဘဝမျိုးရောက်အောင် ကပ်ရောက်နှိပ်စက်တတ်၏။ ထို့ထက် အသက်ကိုပင်ရန်မူနိုင်သေး၏။

ဤသို့သော အနာရောဂါမျိုးကို မည်သူမျှခံစားလို့ရကြမည်မဟုတ်၊ သို့သော် တကွေ့ကွေ့မှာတော့ တွေ့နေရသည်မဟုတ်ပါလော၊

www.dhammaransi.com



ထို့ကြောင့် မိမိတို့မခံစားလို၊ မတွေ့ကြုံလိုသောကြောက်ရွံ့သောရောဂါဝေဒနာတို့နှင့် တွေ့ရခြင်းသည် ဘဝဘေး(ဗျာဓိဒုက္ခ)နာခြင်းဆင်းရဲအစစ်ပင်ဖြစ်၏။

**သေခြင်းဆင်းရဲ**

လူသားတို့သည် ဘဝမှာအိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲတို့နှင့်မလွဲမရှောင်သာ တွေ့ကြုံခံစားနေရပါသော်လည်း ရရှိထားသည့် ဘဝကိုကား ခင်တွယ်ကြ၏။ နှစ်သက်ကြ၏။ သေရမှာကို အလွန်ပင် ကြောက်ကြ၏။ သေမှာကြောက်သဖြင့် မသေဆေးများ၊ အသက်ရှည်ဆေးများကို ရှာကြံမှီဝဲတတ်ကြပြန်၏။ သို့သော် သေခြင်းကိုကား ရှောင်လွှဲ၍မရ၊ လွန်ဆန်၍မရ၊ တန်စိုးလက်ဆောင်ထိုး၍လည်းမရပါ။ သေခြင်းဆိုသည့် မရဏမင်းကား ဘာကိုမျှမျက်နှာမထောက် သေခြင်း၏အောက်တွင် သက်ရှိသတ္တဝါမှန်သမျှ လက်မြှောက်အရှုံးပေးကြရမည်သာ ဖြစ်ပါ၏။

ဤသို့ခင်တွယ်လွန်းလှသဖြင့် မြတ်နိုးထွေးပိုက်ထားသောဘဝ၏ ခန္ဓာကိုစွန့်လိုက်ရခြင်းသည်ကား ရရှိဆဲဘဝတွင် အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးတရပ်ဖြစ်ပြီး၊ နာကျင်ထိခိုက်ရသော ဆင်းရဲမှုကြီးသာ ဖြစ်ပါတော့သည်။

**ပဋိသန္ဓေနေရခြင်းဆင်းရဲ**

ကိုယ့်ဘဝနှင့်ကိုယ် ဘဝတစ်ခုကို ရရှိထားကြသော သတ္တဝါတို့သည် ဘာကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းဆင်းရဲဒုက္ခတွေကို ခံစားကြရသနည်း၊ အဖြေမှာ ရိုးရှင်းပါ၏။ ဘဝဖြစ်လာသောကြောင့် အို၊ နာ၊ သေ ဆင်းရဲ တွေကို ခံစားနေကြရခြင်းဖြစ်၏။

လူသားတို့သည် လူ့ဘဝဖြစ်ရှိလာသောကြောင့် လူသားတို့၏ အို၊ နာ၊ သေဒုက္ခများကို ခံစားကြရ၏။ တိရစ္ဆာန်တို့သည် တိရစ္ဆာန်ဘဝ၊ ခန္ဓာဖြစ်ထားရှိသောကြောင့် သူတို့သည်လည်း အို၊ နာ၊ သေဒုက္ခများကို ခံစားကြရ၏။ နတ် ဗြဟ္မာတို့လည်း ထို့အတူပင်တည်း။

အို၊ နာ၊ သေဒုက္ခများ ဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းကို ရှာဖွေလိုက်သော် ဘဝတစ်ခုဖြစ်တည်လာမှုဟူသော အကြောင်းကိုတွေ့ရပေမည်။ လူ့ပဋိသန္ဓေဖြစ်တည်၍ လူ့ဘဝရရှိလာကြသော လူသားတို့အဖို့ ထိုလူ့ပဋိသန္ဓေသည် အကျိုးတရားအဖြစ်ပေါ်လာမည့် အို၊ နာ၊ သေဆင်းရဲဒုက္ခ၏ အကြောင်းရင်းပင်ဖြစ်၏။

www.dhammaransi.com



မိခင်၏ဝမ်းထဲမှာ ရက်-လများစွာ သန္ဓေသားအဖြစ် ကိန်းအောင်းနေရခိုက် တွေ့ကြုံခံစားရသော ဆင်းရဲဒုက္ခများကို ဉာဏ်ပညာဖြင့် ဆင်ခြင်ကြည့်လျှင်လည်း ပဋိသန္ဓေနေရခြင်းသည် မည်မျှဆင်းရဲဒုက္ခခံစားရကြောင်းကို တွေ့ရှိနိုင်ပေသည်။

လူသားတို့သာမက သက်ရှိသတ္တဝါမှန်သမျှ၏ ဤပဋိသန္ဓေနေရခြင်းဒုက္ခကို ဆက်စပ်သိမြင် ထင်ဟပ်ကြည့်နိုင်ပေ၏။ ထို့ကြောင့် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲခြင်းသဘောသာ ဖြစ်လေသည်။

**မချစ်မနှစ်သက်သူတို့နှင့်အတူနေရခြင်းဆင်းရဲ**

လူသားတို့သည် လူ့အဖွဲ့အစည်း လူ့အသိုက်အဝန်းတွင် နေထိုင်ရသည်ဖြစ်၍ မိမိတို့မချစ်မနှစ်သက်သူ၊ မိမိနှင့်သဘောချင်းမတိုက်ဆိုင်သူ၊ ဆန့်ကျင်ဘက်ဖြစ်သူတို့နှင့် ရောနှောနေထိုင်ရသည့် အခါမျိုးလည်း တွေ့ကြုံရတတ်ပါ၏။ များသောအားဖြင့် ဤအခြေအနေမျိုးကို တွေ့ကြုံဖူးကြပေလိမ့်မည်။ ထိုအခါ မည်မျှ စိတ်ဆင်းရဲရကြောင်း ပြန်ပြောင်းဆင်ခြင်သိရှိနိုင်၏။

**ချစ်ခင်နှစ်သက်သူတို့နှင့်ကွေကွင်းရခြင်းဆင်းရဲ**

လူသားတို့သည် ကိုယ့်အသိုက်အဝန်း ကိုယ့်ပတ်ဝန်းကျင်တွင် ကိုယ့်အစုအဖွဲ့လေးဖြင့် သင့်မြတ်သူတို့နှင့်အမြဲတစေ အတူတူနေထိုင်သွားလိုကြသည်မှာ ဓမ္မတာပင်ဖြစ်၏။ သို့သော် တချိန်ချိန်တွင် ကိုယ့်အစုအဖွဲ့ထဲမှ ကိုယ်ချစ်ခင်နှစ်သက်ရသူတို့နှင့် သေကွဲ-ရှင်ကွဲ ဤနှစ်ကွဲတွင် တစ်ခုခုနှင့်ကား မလွဲမသွေ တွေ့ကြုံကြရစမြဲသာ။ သေကွဲဖြစ်စေ၊ ရှင်ကွဲဖြစ်စေ ခွဲခွာရသောအခါ ပြင်းထန်ထိရှအခံရခက်သော ဆင်းရဲခြင်းဖြစ်ရလေတော့သည်။ သက်ရှိမဆိုထားဘိ မိမိအလွန်နှစ်သက်သော ပစ္စည်းဥစ္စာပျောက်ပျက်ရာမှာလည်း လွန်စွာစိတ်နှလုံးထိခိုက်ပြီး ဆင်းရဲခြင်းဖြစ်ရပြန်၏။

**လိုတာကိုမရခြင်းဆင်းရဲ**

လောကလူသားတို့သည် ကောင်းတာကိုမှ လိုချင်တတ်ကြ၏။ အစားကောင်းကောင်းစားချင်ကြ၏။ အဝတ်ကောင်းကောင်းဝတ်ချင်ကြ၏။ တိုက်တာ၊ နေအိမ်ကောင်းကောင်းကို ပိုင်ဆိုင်ချင်ကြ၏။ စိန်၊ ရွှေ၊ ရတနာ၊ တိုက်တာအိမ်ရာ၊ မော်တော်ကားများကို ပိုင်ဆိုင်ချင်ကြပါ၏။ လူသားတို့အဖို့ လိုအင်ဆန္ဒတို့သည် အတောမသတ်နိုင်အောင် ရှိနေကြ၏။ မင်း၊ သူဌေး၊ သူတောင်းစား၊ ချမ်းသာသူ၊ ဆင်းရဲသားအားလုံးတို့သည် လိုချင်သောအရာအတွက် လိုအင်ကိုထွေးပိုက်ထားကြကုန်၏။ လိုချင်တာကိုရရှိလျှင်

www.dhammaransi.com



ဝမ်းသာကြ၊ ပျော်ရွှင်ပြုံးပျော်တတ်ကြကုန်၏။ လိုချင်တာ မရသောအခါတွင်ကား စိတ်ဆင်းရဲကြ၏။ မကျေနပ်၍ အံကြိတ်ကြရ လက်သီးဆုပ်ကြရ၏။ လိုချင်စိတ်ပြင်းပြလျှင် ပြင်းပြသလောက် ဆင်းရဲဒုက္ခခံစားကြရ၏။ ထို့ကြောင့် လိုချင်တာကိုမရခြင်းသည် ဆင်းရဲစုတွင်ပါဝင်သော သဘောတရားတစ်ခုဖြစ်လေသည်။

ရှေ့မှာဖော်ပြခဲ့သော အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေရခြင်းစသည့် ဆင်းရဲမှုအစုစုတို့ကား "ဒါတွေဟာ ဆင်းရဲခြင်းများမဟုတ်ပါ"ဟု မည်သူမျှငြင်းဆိုနိုင်ကြမည်မဟုတ်၊ လက်တွေ့ကျကျ အဖြေရှာတတ်သူတိုင်းက "အဲ့ဒါတွေဟာ ဆင်းရဲခြင်းသဘောတွေဆိုတာ သဘာဝကျကျ မှန်ပါပေတယ်" ဟု လက်ခံကြရပေတော့မည်။

ဤနေရာ၌ "လောကကြီးသည် ဆင်းရဲဒုက္ခတွေနှင့်ပြည့်နှက်နေ၏၊ ဆင်းရဲဒုက္ခတုံးကြီးသာ ဖြစ်၏"ဟု ဆိုထားသော ဗုဒ္ဓ၏ ဒုက္ခသစ္စာအမြင်၊ ဒုက္ခသစ္စာအယူဝါဒကို မနှစ်သက်ကြသူအချို့ ရှိကြပေလိမ့်မည်။ ထိုသူတို့အနေဖြင့် ကမ္ဘာကြီးသည် သုခလား၊ ဒုက္ခလားဟူသော ပြဿနာတစ်ရပ်၏ အဖြေကို သေချာစွာ ရှုမြင်တတ်ဖို့လိုပေမည်။

လောကသားတို့အဖို့ မိမိအားစိတ်ချမ်းသာပျော်ရွှင်မှုကို ပေးစွမ်းနိုင်သော သက်ရှိသက်မဲ့ပစ္စည်းတို့သည် မိမိထံမှပျောက်ကွယ်သွားခြင်း မရှိဘဲအမြဲတည်နေမှသာ မိမိအားထာဝရချမ်းသာမှုကို ပေးနိုင်ပေမည်။ မိမိထံမှအမြဲတည်ရှိမနေပဲ ပျောက်ကွယ်ပျက်စီးသွားခဲ့သော် အခိုက်အတန့်ချမ်းသာ(ဝါ)ချမ်းသာတုမျှလောက်ကိုသာ ပေးသည်ဟုဆိုရပါမည်။ ထိုချမ်းသာတုကား ပျားသကာဖုံးထားသော အဆိပ်တုံးသဖွယ်ဖြစ်၍ အကယ်စင်စစ်ဆင်းရဲကြောင်း တစ်ခုသာဖြစ်တော့၏။ သို့ဖြစ်လေရကား မည်သည့်ဟာမျှ အမြဲတည်ရှိမနေသော ဤကမ္ဘာလောကကြီးသည် သုခမဟုတ်၊ ဒုက္ခသာဖြစ်၏ဟူသော အဖြေတစ်ရပ်ကို နားလည်လက်ခံနိုင်ပါလိမ့်မည်။

ဤသုခ၊ ဒုက္ခပြဿနာအတွက် အကောင်းဆုံးအဖြေတစ်ခုမှာ ယဒနိစ္စံ၊ တံဒုက္ခံ =မမြဲသောအရာမှန်သမျှသည် ဆင်းရဲဒုက္ခချည်းသာ တည်းဟူသော မြတ်ဗုဒ္ဓ၏ ဟောကြားချက်ပင် ဖြစ်၏။

ရှေ့လဆက်ရန်
သထပ(ကျမ်းပြု)

www.dhammaransi.com

# သားသမီးတို့အတွက် မိဘမေတ္တာ

▸တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီအေ)
▸ပန်းချီ တင်ထွန်းထွန်း

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူချိန် ဖြစ်သည်။



ရာဇဂြိုဟ်ပြည်တွင် ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာသော သူကြွယ်တစ်ဦး၌ 'သိင်္ဂါလ' အမည်ရှိသော သားတစ်ယောက်ရှိသည်။ တစ်ဦးတည်းသော သား ဖြစ်၍ မိဘများက လွန်စွာ ချစ်ခင်မြတ်နိုးကြလေသည်။

www.dhammaransi.com

မိဘတို့သည် သောတာပန် ဖြစ်သော်လည်း သိင်္ဂါလ သည် ရတနာသုံးပါးကို ရိုသေလေးစားမှု မရှိ။ ကံ ၊ကံ၏အကျိုးကိုလည်း မယုံကြည်၊ ထို့ကြောင့် မိဘတို့က ရတနာသုံးပါးကို ဆည်းကပ်စေလိုသည်။



www.dhammaransi.com






www.dhammaransi.com






www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




ဘုရားရှင်သည် သိင်္ဂါလကို လမ်းမှန်ညွှန်ပြပြီး ဘုရားကျောင်းတော်ရှိရာ သရဏဂုံတည်လေသည်။
〈ဤနေရာတွင် 'ရှိခိုး' ဆိုရာ၌ မိဘ ဆရာ စသည် ဆိုင်ရာပုဂ္ဂိုလ် ခြောက်ဦးအပေါ် ပြုကျင့်ရမည့် ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင် ပြုကျင့်ခြင်းကို ဆိုလိုသည်။〉



www.dhammaransi.com



ထိုအချိန်မှစ၍ သိင်္ဂါလသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည်။ ကုဋေလေးဆယ်တို့ကို သာသနာတော်အတွက် လှူဒါန်းသည်။ သူသေလွန်သော် နတ်ပြည် ရောက်ရ၏။

ဤကား မိဘတို့ သားသမီးအပေါ်ထားသော ကြီးမားသော မေတ္တာ၏ အကျိုးပင် ဖြစ်ပါတော့သည်။ ။ ပြီး

▸ ကျန်းမာချမ်းသာကြပါစေ... ... ...

▸ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီအေ)

▸ မင်းလူအောင်ရွှန်းမွန်း

www.dhammaransi.com





# သိကျိုတ်မြေမှ သာသနာ

ဦးပညာတိက္ခ
ရှမ်း (တောင်)

သိကျိုတ်ကျေးရွာဆိုတာ ရှမ်းပြည်နယ်၊ တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်ကနေ (၉၆)မိုင် အကွာမှာရှိတဲ့ ကျေးရွာတစ်ခုဖြစ်ပါတယ်။

သိကျိုတ်ကျေးရွာမှ ကယန်း(ပဒေါင်)လူမျိုးအများစုနေထိုင်ပြီး ခရစ်ယာန်ဘာသာကို အများစု ကိုးကွယ်တဲ့ကျေးရွာတစ်ခုဖြစ်ပါတယ်။ ဒါကမျက်မှောက်ခေတ်အနေအထားတစ်ခုလည်း ဖြစ်ပါတယ်။

ဒါပေမယ့်

လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်ကျော်ကာလကတော့ သိကျိုတ်ကျေးရွာအုပ်စုအပါအဝင် အဲ့ဒီဒေသမှာရှိတဲ့ရွာသူ၊ ရွာသားတွေဟာ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့သူတွေဖြစ်ခဲ့တာကိုတော့ အံ့သြစရာအဖြစ် သိရှိခဲ့ရပါတယ်။


စာရေးသူဟာ နယ်စပ်ဒေသနှင့်တောင်တန်းသာသနာပြုအဖွဲ့၏ တာဝန်ပေးစေလွှတ်ချက်အရ (၁၃၇၆-ခုနှစ်)မှာ သိကျိုတ်ကျေးရွာကို သာသနာပြုတာဝန်ထမ်းဆောင်ဖို့ရောက်ရှိခဲ့ပါတယ်။

အညာဒေသမှာ မွေးဖွားကြီးပြင်းခဲ့ပြီး မန္တလေး၊ ရန်ကုန်၊ ပဲခူး၊ နေပြည်တော်စတဲ့ အပူပိုင်းဒေသတွေမှာ ပညာသင်ယူကာ ရှင်သန်ခဲ့ရတာမို့ ရှမ်းတောင်တန်းဆိုတာ စာပေများ၊ ဗီဒီယိုဓာတ်ပုံများမှ တဆင့်သာသိရှိခဲ့ပြီး လက်တွေ့ဘဝထဲမှာတော့ ရှမ်းတောင်တန်းများနှင့် အလွန်အလှမ်းဝေးကွာခဲ့သူတစ်ယောက်ပါ။

စာရေးသူသိထားတဲ့ ရှမ်းပြည်ဆိုတာ နန်ချောင်(နန်းကျောက်)ပြည်ကြီးမတည်မီ ခရစ်နှစ်(၁)ရာစုအစပိုင်းလောက်က စတင်ပြီး

www.dhammaransi.com





တရုတ်နိုင်ငံတောင်ပိုင်းဒေသမှ ရှမ်းလူမျိုးများက တစ်စတစ်စရွှေ့ပြောင်း ကိုးချဲ့နေထိုင်ခဲ့ရမှာတဆင့် ရှမ်းပြည်ဆိုတာ စတင်ဖြစ်ခဲ့တယ်ဟု တရုတ်ပြည်က သမိုင်းဆရာများက ဖွင့်ဆိုမှတ်တမ်းတင်ပါသည်။

မြန်မာ့ရာဇဝင်သမိုင်းများအရတော့ 'ရှမ်းပြည်အစ၊ ဘိန္နက' ဟု ဆိုရိုးစကားရှိပါတယ်။ အဲဒီဆိုရိုးစကားအရမူ တကောင်းမင်းအဘိရာဇာအဆက်အနွယ်ဖြစ်တဲ့ 'ဘိန္နကရာဇမင်း' လက်ထက်မှာ တကောင်းပြည်ကို တရုတ်တို့ဝင်ရောက်တိုက်ခိုက်သဖြင့် 'ဘိန္နကရာဇမင်း' ဟာ တကောင်းနန်းကိုစွန့်ခွာပြီး ဧရာဝတီမြစ်အနောက်ဘက် 'မလယ်ကုပ်ဒေသ မှာစံနေစဉ်ပဲ နတ်ရွာစံခဲ့တယ်။

ဘိန္နကမင်းနတ်ရွာစံပြီးတဲ့အခါမှာတော့ မင်းနဲ့အတူပါလာတဲ့ မိုလ်ချေခပင်း သုံးသင်းအုပ်စုကွဲသွားပြီး၊ အဲဒီသုံးအုပ်စုထဲမှ တစ်သင်းကို ဦးဆောင်တဲ့ ဘိန္နကမင်းရဲ့ညီတော် ဘိန္နကရာဇ် ဟာ သူ့ပရိသတ်များနဲ့အတူ ရွှေလီမြစ်အထက်ပိုင်းကို ဆန်တက်သွားပြီး အဲ့ဒီမြစ်ရဲ့လက်ျာဘက်ကမ်း 'မိုင်းမော့' ဟုတွင်သောနေရာမှာ ရှမ်း(၁၉)ခရိုင်ကို စတင်တည်ထောင်ကာ ရှမ်းပြည်ဖြစ်လာခဲ့ပါသည်။

ပုဂံခေတ်အနော်ရထာမင်းလက်ထက် အရောက်မှာတော့ နန်းချောင်း၏မြို့တော် (ယခုယူနန်ပြည်နယ်)ရှိ တာလီဖူးသို့အရောက်မှာ နန်းချောင်းပြည်ရှင်က အညှံ့ခံလာသဖြင့် မိုင်းမော့ပြည့်ရှင်လည်း အနော်ရထာမင်းကို ပဏ္ဏာဆက်သခဲ့ရတယ်။

အဲ့ဒီနောက်ပိုင်းကာလမှာတော့ ရှမ်းပြည်နယ်ရှိ ပဒေသရာဇ်မင်းများဟာ မြန်မာမင်းများကို ပဏ္ဏာဆက်သရသော ပဒေသရာဇ်စော်ဘွားတွေဖြစ်လာခဲ့ပါတယ်။ (ရှမ်းပြည်နယ်သမိုင်းကြောင်းနှင့် ရှမ်းပြည်နယ်ရှိ ဘာသာရေး အခြေ

www.dhammaransi.com



အနေများကို စာရေးသူရေးသားတဲ့ 'တောင်တန်းမြေမှသာသနာ' စာအုပ်တွင် အပြည့်အစုံဖော်ပြထားပါတယ်)။

၁၈၈၆ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ပြီးတဲ့အခါမှာတော့ ရှမ်းပြည်နယ်ကို အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်သတ်မှတ်ကာ ရှမ်းပြည်နယ်တောင်းပိုင်း၊ မြောက်ပိုင်းဆိုကာ ဖြစ်လာခဲ့တယ်။

၁၉၄၇-ခုနှစ် ဖော်ဖော်ဝါရီလ(၇)ရက်နေ့မှာတော့ ပဒေသရာဇ်ကောင်စီကို ဖျက်သိမ်းပြီး လူထုကိုယ်စားလှယ်များပါဝင်တဲ့ ရှမ်းပြည်နယ်ကောင်စီအဖြစ် ပြောင်းလဲခဲ့တယ်။ ဖေဖော်ဝါရီ(၇)ရက်နေ့ကို 'ရှမ်းအမျိုးသားများနေ့'အဖြစ်သတ်မှတ်ခဲ့တယ်။

၁၉၅၈-ခုနှစ် ဗိုလ်ချုပ်နေဝင်းလက်ထက်မှ စတင်ပြီး ရှမ်းပြည်နယ်တစ်ခုလုံးဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အောက်ခံပြည်နယ်တစ်ခုဖြစ်လာခဲ့ပါတော့တယ်။

ရှမ်းပြည်နယ်ဟာ စတုရန်းမိုင်ပေါင်း ၆၂၀၀၀-ခန့် ကျယ်ဝန်းပြီး ရှမ်းပြည်နယ်ကို မြို့နယ်ပေါင်း(၅၄)မြို့ဖြင့်ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်များတွင် အကျယ်ဝန်းဆုံးဒေသတစ်ခုလည်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသဟာ နွေကာလ ၇၄.၅၊ ဆောင်းကာလ၅၈.၂ဒီဂရီအပူချိန်ရှိသော စွတ်စိုထိုင်းမှိုင်းပြီး အေးစိမ့်သောနေရာတစ်ခုပါ။

အထက်ကမှာရေးဖြစ်ခဲ့သော အချက်အလက်တွေဟာ ရှမ်းပြည်နယ်ကို သာသနာပြုခရီးမထွက်ခင်၊ စာပေများမှတဆင့် သိခဲ့ရသောအရာများပါ။

လက်တွေ့မှာတော့

ဖယ်ခုံမြို့ကိုတော့ အလွယ်တကူပင်ရောက်ရှိသွားတဲ့ သာသနာပြုရဟန်းတစ်ပါးရဲ့ ရှမ်းပြည်နယ်ခရီးဟာ 'သိပ်လည်းမခက်ခဲပါလား' ဟု အတွေးစတွေဟာ ဖယ်ခုံမြို့မှတဆင့် သိကျိုတ်ရွာကိုသွားတဲ့ လမ်းခရီးမှာပင် အားလုံးပျောက်ကွယ်သွားပါတော့တယ်။

(၈၆)မိုင်အကွာအဝေးရှိတဲ့ခရီး (၂)ရက်နီးပါး၊ ဆိုင်ကယ်တစ်ချို့၊ လမ်းလျှောက်ရတာတစ်သွယ်ဖြင့် ခရီးကြမ်းနှင်ရတဲ့ဒုက္ခကို (စာဖြင့်ရေးပြရတာ မလွယ်ကူပါဘူး) ခံစားပြီးတဲ့အခါမှာတော့ 'မြန်မာပြည်ကိုပြန်တာ ကောင်းပါတယ်'ဟု အတွေးက ဖိဖိစီးစီးကို ဝင်ရောက်လာခဲ့တော့တယ်။

ခြောက်သွေ့တဲ့ရာသီဥတုကို၊ ပြန့်ပြူးတဲ့မြေပြင်၊ ကား၊ ဆိုင်ကယ်ဖြင့်အလွယ်တကူသွားနေကြရဟန်းတစ်ပါးက၊ စိုစွတ်တဲ့ရာသီ၊ မြင့်မားတဲ့တောင်တန်းတွေကို ခြေလျင်သွားတဲ့အလေ့အကျင့်မရှိတဲ့သူ့အတွက် အရာရာဟာခက်ခဲလို့နေခဲ့ပါတယ်။

အသွားအလာခက်ခဲကြမ်းတမ်းသလို နေရတဲ့ကျောင်းလေးကလည်း 'ကျောင်းအစစ်ပါ'ကျိန်ပြရင်တောင်ယုံပါ့မလားမသိဘူး။ ဈေး

www.dhammaransi.com

မရှိတဲ့ တော၊ တောင်အရပ်ဖြစ်တဲ့အပြင် စားလေ့စားထမရှိတဲ့ အာဟာရတွေလည်း စာရေးသူကို ရှမ်းတောင်တန်းကို အလွယ်တကူ ကျော်နိုင်းဖို့ အထွေအထူး မစဉ်းစားရပါဘူး။

သို့သော်

(ဒီသို့သော်က သာသနာပြုရဟန်းတွေ အတွက် အရမ်းကို ဆုံးဖြတ်ရခက်ခဲတဲ့ သို့သော် တစ်ခုပါ)

တောင်တန်းသာသနာပြုရဟန်းဆိုသည်မှာ ရှေ့တန်းမြေမှာ အသက်ကိုပဓာနမထား တောကြိုတောင်ကြားမှာ ခက်ခဲကြမ်းတမ်းသော တောင်တန်းကြီးများကို ကျော်ဖြတ်၍ ယနေ့ နယ်စပ်နှင့်တောင်တန်းဒေသရှိ သာသနာပြု ဘုရားသားရဟန်းတော်များဟာ ခြေလျင်ခရီးဖြင့် အသက်ဆုံးတိုင်သာသနာပြုခဲ့ကြသည်မှာ အလွန်အင်မတန်မှယနေ့တိုင်အောင် သသနာပြုခဲ့သည်မှာ မင်းကွန်းဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့တဲ့ **"ခြေတစ်လှမ်းလျှင် ကုဋေ တစ်သန်း"**ဆိုတာဟာ တောင်တန်းသာသနာပြု ရဟန်းတွေအတွက် အားဆေးတစ်ခွက်ပါ။

သိကျိုတ်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၂၁)ရွာရှိပေမယ့် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းက နှစ်ကျောင်းပဲရှိတယ်။ မိမိနေတဲ့သိကျိုတ်ရွာကလည်း အိမ်ခြေ(၂၂၀)ရှိပေမယ့် ဗုဒ္ဓဘာသာ အိမ်က (၉)အိမ်သာရှိတယ်။

အဲဒီ(၉)အိမ်က လူတွေကလည်း တခြား ဘာသာရဲ့စည်းရုံးမှုတွေကြောင့် ဘာသာပြောင်း ရေဆူမှတ်အဆင့်ကို ကျော်လွန်နေပြီး။

ဘုန်းကြီးမရှိ၊ ဦးဇင်းမရှိ၊ ကိုရင်မရှိတဲ့ တခြားဘာသာဝင်တွေလွှမ်းမိုးထားတဲ့ နေရာမှာ 'သာသနာပြုရဟန်းမရှိရင်ဒီထက် အခြေအနေ ဆိုးသွားနိုင်တယ်ဆိုတဲ့ အတွေးနဲ့အတူ' မတူညီသော ဘာသာဝင်တွေကြားမှာ အနည်းငယ်ကျန်ရှိသေးသော ဗုဒ္ဓဘာသာဝင်တွေ အမြင်မှန်၊ အသိမှန်စွာဖြင့် မြတ်ဗုဒ္ဓရဲ့ တရားများကို သိပါစေဟူသောဆန္ဒဖြင့် အခက်အခဲတွေ၊ အဆင်မပြေမှုတွေ၊ အလိုမကျမှုတွေ၊ ဘေးဒုက္ခတွေ၊ ဆင်းရဲမှုတွေ စတဲ့ 'ဒုက္ခသစ္စာ'များကို လျစ်လျူရှုကာ 'သိကျိုတ်'မှာ ဆက်နေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

သိကျိုတ်ကို ရောက်ပြီး စသိခဲ့ရတာကတော့ ဒေသခံလူတွေဟာ ဆင်းရဲနွမ်းပါးသဖြင့် ကလေးငယ်တွေဟာ ပညာသင်ယူဖို့ခက်ခဲသလို၊ လက်နက်ကိုင်အဖွဲ့အစည်းတွေကြောင့် သူတို့ တွေရဲ့ဘဝဟာ လုံခြုံမှုမရှိကြပါဘူး။

စားဝတ်နေရေးခက်ခဲမှုနဲ့အတူ လက်နက်ကိုင်အဖွဲ့များရဲ့ စည်းရုံးမှုကြောင့် အနာဂတ်ရဲ့ အရင်းအနှီးဖြစ်တဲ့ ကလေးငယ်တွေဟာ အသိပညာအားမကောင်းလာဘဲ သူတို့ဘဝတွေဟာ 'လှေကြီးထိုး၊ ရိုးရိုးလှော်' ဘဝနဲ့အဆုံးသတ် နေကြရတာကို တွေ့ရပါတယ်။

ဒေသခံကလေးငယ်တွေရဲ့ အနာဂတ်ဘဝ အဆင်ပြေဖို့နှင့် ဗုဒ္ဓဘာသာဝင်တွေစစ်မှန်သော မြတ်ဗုဒ္ဓတရားတော်များကို သိရှိ၊ နာကြား၊

www.dhammaransi.com



မိမိနေထိုင်ရာ ဒေသရဲ့သမိုင်းဖြစ်စဉ်ကို အမှန်အတိုင်းအနည်းငယ် တင်ပြတဲ့အခါမှာတော့ ထိခိုက်သလိုဖြစ်သွားရင်တော့ နားလည်းပေးပါဟု ဆိုပါရစေ။

ဒီဆောင်းပါးရဲ့အစမှာဖော်ပြပြီးပါပြီး လွန်ခဲ့သောနှစ်ပေါင်း(၆၀)ကျော်က သိကျိတ်တိုက်နယ်ဟာ ဗုဒ္ဓဘာသာထွန်းကားခဲ့တဲ့နေရာတစ်ခုပါ။ ဒါကအနီးဆုံးသမိုင်းကို ပြောတာပါ။

တစ်နေ့တော့ ဒီဒေသကို 'ဗိုလ်လုစိန်' ဆိုတဲ့ (ဗမာ့တပ်မတော်တွင် စစ်ရဲတပ်ရင်း (၇) တွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ကယန်း(ပဒေါင်) လူမျိုးလက်နက်ကိုင်သူနှင့် နောက်လိုက်တွေရောက်လာပါတယ်။

ဗိုလ်လုစိန်ဟာ လက်နက်အားကိုးဖြင့် အသိဉာဏ်နည်းပါးပြီး ဆင်းရဲနွမ်းပါးသော ရွာသားများကို အတင်းဘာသာကူးပြောင်းခိုင်းသဖြင့် ဗုဒ္ဓဘာသာဝင်တွေဟာ တခြားဘာသာကို ကူးပြောင်းခဲ့ပါတယ်။

ဗိုလ်လုစိန်အဖွဲ့ သောင်းကြမ်းမှုကြောင့် ဗုဒ္ဓဘာသာဝင်တွေ တခြားဘာသာကို ကူးပြောင်းခဲ့သလို၊ လက်နက်ကိုင်အဖွဲ့တွေရဲ့ သောင်းကြမ်းမှုကြောင့် သာသနာပြုရဟန်းတွေဟာလည်း ဒီနေရာနဲ့ ဝေးကွာခဲ့တော့ သိကျိတ်ဒေသဟာ ဘာသာခြားတွေကြီးစိုးခဲ့ပါတယ်။

အံ့သြစရာကောင်းတာဟာ ဗိုလ်လုစိန်ဟာ အသက်ကြီးတဲ့အခါမှာ သူကိုယ်တိုင်ဗုဒ္ဓဘာသာထဲကို ဝင်ရောက်ရုံတင်မကဘဲ၊ သာသနာပြု လိုက်နာခွင့်ရရှိစေဖို့ ရည်ရွယ်ချက်ဖြင့် ငါ့တတ်စွမ်းသမျှ သာသနာပြုမည်ဟု ဆုံးဖြတ်ချက်နှင့် ဒေသတိုးတက်ဖို့ကို မူဝါဒလေးရပ်ဖြစ်တဲ့-

၁။ ပညာရေး

၂။ ကျန်းမာရေး

၃။ လူမျိုးဘာသာမခွဲခြားဘဲ ဆက်ဆံရေး

၄။ ဒေသဖွံ့ဖြိုးရေး

ချမှတ်ကာ ဆောင်ရွက်ခဲ့တဲ့အတွက် (၂) နှစ်ကျော်ကာလအတွင်းမှာ၊ ဘုရား၊ ကျောင်း၊ သိမ်တို့တည်ဆောက်ပြီးစီးခဲ့သလို မူရင်းဗုဒ္ဓဘာသာမှတဆင့် အခြားဘာသာကိုပြောင်းသွားတဲ့ သူတွေလည်း မိမိရောက်သွားပြီးမှ ဗုဒ္ဓဘာသာကို ဝင်ရောက်လာခဲ့တယ်အခုဆိုရင် (၄၂)အိမ်ရှိပါပြီ။

စာရေးသူဟာ ကျေးရွာအတွင်းရှိ ကလေး (၇၀)ကိုလည်း အစာလည်းကျွေး၊ ပညာလည်း ပေးကာ နေ့စဉ်ပြုစုပေးခဲ့တာမို့ အခုဆိုရင် သူတို့လေးတွေဟာ ဗုဒ္ဓဘာသာအရိပ်ကိုခိုလှုံလာကြသလို သူတို့မိဘတွေလည်း ဗုဒ္ဓဘာသာအရိပ်ကို ခိုလှုံလာကြပါသည်။

ဘာကြောင့်အခုလို ဗုဒ္ဓဘာသာအရိပ်ကို အလွယ်တကူခိုလှုံလာကြသလည်းဆိုပါက

စာရေးသူအနေဖြင့် မိမိဘာသာသည်သာ ကောင်းမွန်ပြီး တခြားဘာသာမကောင်းဟု ဘယ်တော့မှမယူဆတဲ့အတွက် အခြားဘာသာဝင်တွေကို အထင်သေးခြင်း၊ နှိမ့်ချခြင်း မရှိပါဘူး။ ဒါပေမယ့်

www.dhammaransi.com



ရဟန်းအဖြစ်ဝတ်ကာ ဦးကောဝိဒဟူသောဘွဲ့အမည်ဖြင့် သူလက်နက်ဖြင့် သာသနာပြုခဲ့သောဒေသကို 'ဓမ္မ'ဖြင့် သာသနာပြန်ပြုခဲ့သဖြင့် နိုင်ငံတော်အစိုးရက ဆက်ကပ်သော 'သဒ္ဓမ္မဇောတိကဓဇ' သာသနာပြုဘွဲ့ကို ပထမဆုံးရရှိခဲ့တဲ့ ဖယ်ခုံဖွားဒေသခံတစ်ပါးလည်း ဖြစ်ခဲ့ပါ၏။

ဒီလိုနဲ့

ဖယ်ခုံမှာ သာသနာပြန်လည်စတင်ခဲ့ပါတယ်။

ဗိုလ်လုစိန်မတိုင်မီက သမိုင်းများကို လေ့လာတဲ့အခါမှာတော့ ဖယ်ခုံမြို့နယ်ဟာ ရှမ်းပဒေသရာဇ်ခေတ်က မိုးဗြဲတိုက်နယ်ဖြစ်ခဲ့ပြီး ရှမ်းပဒေသရာဇ်များနန်းစိုက်ကာ ဗုဒ္ဓဘာသာထွန်းကားခဲ့ရာနေရာတစ်ခုပါ။

ဒါတွေဟာ စာပေမှာ အတိအကျရှိပါတယ်။

စာပေသမိုင်းတွေကို အထောက်အထားခိုင်မာစေတဲ့ သမိုင်းဖြစ်စဉ်တစ်ခုကို စာရေးသူက တွေ့ရှိထားပါ၏။

စာရေးသူနေတဲ့ သိကျိုက်ရွာနဲ့တစ်မိုင်ဝေးတဲ့နေရာမှာ ရှေးဟောင်းဘုရားတစ်ဆူရှိသဖြင့် စာရေးသူဟာသွားရောက် လေ့လာခဲ့ပါတယ်။ ရှေးဟောင်းဘုရားကို ပြန်လည်ပြုပြင်ဖို့သွားကြည့်ကော့ (ပုံပါအတိုင်း) အုတ်ပုံသာရှိပါတော့တယ်။


ဒေသခံများက နှစ်ပေါင်းများစွာတည်ရှိခဲ့တဲ့ ရှေးဟောင်းဘုရားဟုဆိုသဖြင့် စာရေးသူဟာ စေတီကို ပြန်လည်တည်ဖို့ မြေတူးတဲ့အခါမှာတော့ စေတီဟောင်းအတွင်း ဌာပနာတိုက်ထဲမှာ ရှေးဟောင်းပေစာ(စေတီသမိုင်း)ကိုတွေ့ရပါတော့သည်။

ပေစာထဲကအတိုင်းဆိုပါက '၁၀၀၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက်' နေ့မှာ ဘုရားကိုတည်ခဲ့ပြီး၊ မိုးဗြဲစော်ဘွားကြီးသခင်ကြမ္မိုင်းလက်ထက်မှာ 'ပဒေသရာဇ်ခွန်ရာဇာ'တည်ခဲ့တဲ့ ဘုရားဖြစ်ပါတယ်။

ပေစာအတွင်းမှာပါဝင်တဲ့ တခြားသောအချက်အလက်တွေအရ ယနေ့သိကျိုက်ဒေသဟာ သာသနာထွန်းကားခဲ့သလို ဒီစေတီဟာလဲ ရှေးဟောင်းဘုရားတစ်ဆူဖြစ်တာမို့ စာရေးသူ(မူလ) မျှော်မှန်းထားတာထက် ပိုပြီးဂုဏ်တော်မြင့်မားတဲ့စေတီကို တည်မှာပါ။

ဒါကြောင့် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်၊ သိကျိုက်ဒေသမှာ သာသနာပြန်ထွန်းကားစေဖို့ ပါရမီဆက်၊ ပဋ္ဌာန်းဆက်ရှိကြသူများနှင့် ကုသိုလ်အရေးကို လက်မနှေးစေကြသူများပါဝင် ကုသိုလ်ပြုဖို့ စာရေးသူက ဆန္ဒပြုလိုက်ကြပါရစေ။

**ဦးပညာတိက္ခ(ရှမ်း၊တောင်)**



www.dhammaransi.com



# ရင်နှစ်သည်းခြာ အလိမ္မာကဗျာ

## လောကလူသားတို့ ကြီးပွားချမ်းသာရန် နည်းလမ်းမှန် အသိပညာများ

ဖူးပွင့်ဝေ

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

ဆရာမ ဒီနေ့ တပည့်တို့ကို လောကလူသားတွေ သိသင့်တဲ့ လောကနီတိမှာပါတဲ့ အတတ်ပညာတွေနဲ့ပတ်သက်ပြီး ပြောပြမယ်ကွဲ့။

"ဟုတ်ကဲ့ပါ ဆရာမ"

အေးလောကနီတိပညာရှိက ဆိုထားတာက နာယူမှတ်သားခြင်း၌ ကောင်းစွာအားထုတ်သောသူသည် သုတနှင့်ပြည့်စုံ၏တဲ့၊ အဓိပ္ပါယ်ကတော့ကွယ် ပညာသင်တဲ့အခါမှာ ကြိုးစားပြီး ကောင်းမွန်စွာ သင်ယူရင်ပညာဗဟုသုတ တိုးပွားပြီး ကြီးပွားတိုးတက်နိုင်တယ်ကွဲ့။

လောကမှာ စားခြင်း၊ မေထုန်မှီဝဲခြင်း၊ အိပ်ခြင်းသုံးမျိုးသည် နွားစသောတိရစ္ဆာန်တွေမှာလည်း ရှိတယ်ကွဲ့၊ လူသားတွေမှာလည်း ရှိတယ်ကွဲ့။ အတတ်ပညာဆိုတာကလည်း လူသားတွေမှာဘဲ ရှိတတ်တယ်ကွဲ့။ စား၊ အိပ်၊ ကာမ ဤသုံးဝနှင့်နေကြပြီး ပညာမတတ်တဲ့လူဟာ နွားနဲ့အတူတူ ဖြစ်တယ်လို့ ဆိုထားတာကွဲ့။

"မဟုတ်ဘူးလား တပည့်တို့"

"ဟုတ်ပါတယ် ဆရာမ"

အေး နီတိဆရာကပြောထားတယ်ကွဲ့၊ လောကမှာအတတ်ပညာနှင့်တူသော အဆွေခင်ပွန်းသည်မရှိ။ အနာနှင့်တူသော ရန်သူသည်မရှိ။ ကိုယ်နှင့်တူသောချစ်သူမည်သည် မရှိ။ ကံနှင့်တူသောခွန်အားသည် မရှိတဲ့။ အေးအဲဒါတွေအပြင် ဟင်္သာငှက်သည် ကျီးတို့၏ အလယ်၌မတင့်တယ်၊ ခြင်္သေ့သည် နွားတို့၏ အလယ်၌ မတင့်တယ်၊ မြင်းသည် မြည်းတို့၏အလယ်၌မတင့်တယ်၊ ပညာရှိသည် လူမိုက်တို့၏အလယ်၌ မတင့်တယ်ဘူးလို့ ထပ်မံဆိုဆုံးမပြထားတယ်ကွဲ့။ အဲဒါတွေကိုကော အနက်သဘောပေါက်နားလည်ကြပြီလား။

"နားလည်ပါပြီ ဆရာမ"

www.dhammaransi.com



နောက်တစ်ခုကတော့ လူမိုက်သည် အသက်ထက်ဆုံးပညာရှိကို အမှန်တကယ် ဆည်းကပ်စေကာမူ ထိုလူမိုက်သည် အမှန်တရားကို မသိနိုင်။ ဥပမာအားဖြင့် ယောက်ချိုခွန်းသည် ဟင်း၏အရသာကို မသိသကဲ့သို့ ဖြစ်တယ်ကွဲ့။ ပညာရှိကို တစ်ခဏမျှ ဆည်းကပ်ပါက လျင်မြန်စွာတရားကိုသိနိုင်သည်။ ဥပမာအားဖြင့် လျှာသည်ဟင်း၏အရသာကို သိသကဲ့သို့ ဖြစ်တယ်ကွဲ့။

"သဘောပေါက်နားလည်ကြရဲ့လား"

"နားလည်ပါတယ် ဆရာမ"

ရဲရင့်သောသူတို့သည် လက်နက်မပါဘဲ စစ်မြေပြင်သို့ မသွားကြဘူးကွဲ့။ ထို့အတူ ပညာရှိတို့သည်လည်း ပညာနှင့်ကင်း၍ စကားမဆိုဘူးကွဲ့၊ အခွန့်ရှည်သောခရီးသို့ သွားသော ကုန်သည်သည်အဖော်နှင့်ကင်း၍ မသွားသလို တိုင်းခြားနိုင်ငံသို့သွားသောသူ သည် အဖော်နှင့်ကင်း၍ မသွားရဘူးကွဲ့။ အဖော်နှင့်မှသွားရမယ်လို့ လောကနီတိမှာ ဆိုထားတယ်ကွဲ့။

"သဘောပေါက်နားလည်ကြရဲ့လား"

"နားလည်ပါတယ် ဆရာမ"

ပညာရှိတွေရဲ့ သဘောကတော့ မိမိတို့ ရင်ထဲမှာ ဘယ်လိုဖြစ်ဖြစ် အပြင်ကိုထုတ်မပြတတ်ကြဘူးကွဲ့၊ ဥပမာ- ဥစ္စာပျက်ခြင်းကို လည်းကောင်း၊ စိတ်နှလုံးပင်ပန်းနွမ်းနယ်ခြင်းကိုလည်းကောင်း၊ အိမ်၌မကောင်းမှုပြုခြင်းကို လည်းကောင်း၊ လှည့်ပတ်ခံရခြင်းကိုလည်း ကောင်း၊ မထိမဲ့မြင်အပြုခံရခြင်းကိုလည်း ကောင်း အခြားလူတွေသိအောင်ထုတ်ဖော် မပြတတ်ကြဘူး၊ သည်းခံနိုင်စွမ်းအားဖြင့် ထိန်းသိမ်းထားကြလေ့ရှိတယ်ကွဲ့။

"သဘောပေါက်ကြပြီလားကွဲ့"

"သဘောပေါက်ပါတယ် ဆရာမ"

အေးနောက်တစ်ခုကတော့ အရေးအခွင် ရောက်သည်နှင့် သင့်လျော်သော စကားကို ဆိုတတ်ကြတယ်။ ကိုယ်နှင့်သင့်တော်သော ချစ်သူကို ရှာတတ်ကြတယ်၊ ကိုယ်နဲ့တန်ရုံသာ အမျက်ထွက်တတ်ကြတယ်၊ ဤသုံးပါးကို သိတတ်သောသူသည် ပညာရှိမည်၏လို့ လောကနီတိမှာ ဆိုထားတယ်ကွဲ့။

အေးဒီနေ့တော့ သည်လောက်နဲ့ဘဲ အတန်းနားကြစို့ကွယ်၊ နောက်ရက်တွေမှာ ဆက်ပြီး လောကနီတိဆုံးမစာတွေကို ဆက်ပြီး ရှင်းပြမယ်ကွဲ့။

"ဟုတ်ကဲ့ပါ ဆရာမ"

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

**ဖူးပွင့်ဝေ**

www.dhammaransi.com



# ဒါနသီလအခြေခံ သမထဝိပဿနာ ရှုမှတ်ပွားများနည်း တရားတော်

# A PRACTICAL WAY OF CALMNESS AND INSIGHT-MEDITATION BASED ON CHARITY AND MORAL ETHICS

ဦးအောင်သိန်းညွှန့် (ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)
U Aung Thein Nyunt (Retd. DYDG Religious Affairs)

## ဒါနခန်း

ဗုဒ္ဓဘာသာမူလအစ

"လွန်ခဲ့သောနှစ်ပေါင်း ၂၅၅၀ကျော်တွင် မဇ္ဈိမဒေသ အိန္ဒိယတိုက်၌ "ဗုဒ္ဓဘာသာ" ဟူ၍ လိုက်နာကျင့်သုံးလျက် ကိုးကွယ်ဆည်းကပ်ရာ အယူဝါဒတစ်ရပ် ပေါ်ထွန်းခဲ့သည်။ ယင်းအယူဝါဒကို ဖော်ထုတ်ခဲ့သူမှာ ယနေ့ကမ္ဘာက သိရှိထားသော "ဗုဒ္ဓ" အမည်ရှိ ပုဂ္ဂိုလ်ထူးကြီးဖြစ်သည်။ ကိလေသာ အညစ်အကြေးများ ကင်းစင်ပြီး သိစရာမှန်သမျှကို အကုန်အစင် သိမြင်နိုင်သောကြောင့် "သမ္မာသမ္ဗုဒ္ဓ မြတ်ဗုဒ္ဓ" ဟူ၍ လေးနက်ရိုသေစွာ ခေါ်ဝေါ်ကြသည်။ မြတ်ဗုဒ္ဓသည် လောကီစည်းစိမ်မှန်သမျှ အဖက်ဖက်က ပြည့်စုံသော ရှင်ဘုရင်တစ်ပါး၏ သားတော်အဖြစ်ဖြင့် မွေးဖွားခဲ့ပြီးလျှင် လူသားတစ်ဦး၏ စည်းစိမ်အမျိုးမျိုးကို သက်တော် ၂၉-နှစ်အထိ ပြည့်လျှံစွာ ခံစားခွင့် ရရှိခဲ့သည်။ လူ့လောကီစည်းစိမ်အမျိုးမျိုးအပေါ်၌ ငြီးငွေ့ခဲ့ပြီး ချမ်းသာအတုအယောင်များ ဖြစ်သည်ကို ထိုးထွင်းသိရှိခဲ့သောကြောင့် ချမ်းသာအစစ်အမှန်ကို ရှာဖွေရန် တောထွက်လျက် တရားရှာခဲ့သည်။

## Da,na-Charity

### Origin of Buddhism

There appeared a kind of religious faith called, "Buddhism" in Majjhima Region of India over 2550 years ago. An extraordinary person who created and established this religious faith is called 'Buddha', now well-known all over the world. As he can penetrate whatever should be known in the clear vision of his thorough enlightenment be-

www.dhammaransi.com



ing devoid of mental defilements, he is respectfully and reverely epithed, "**Samma, Sambuddha**". He was born to a royal family and enjoyed royal luxuries and pleasure as a crown-prince upto the age of 29. Because he was fed up with the royal worldly pleasures and knew that they were just imaginary and temporary happiness, he forsok them and departed from the royal palace to search for true happiness.

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလမှ ဖြည့်ကျင့်ဆည်းပူးအားထုတ်ခဲ့သော "ဒါနပါရမီ" အစရှိသည့် ပါရမီ ၁၀-ပါးတို့၏ အရှိန်အဟုန်စွမ်းအားကြောင့် သက်တော် ၃၅-နှစ်အရွယ်တွင် ကိလေသာအညစ်အကြေးများ ကင်းစင်လျက် သိစရာမှန်သမျှတို့ကို မချွင်းမချန် အကုန်အစင် သိမြင်တော်မူသော "သဗ္ဗညုဗုဒ္ဓ" အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဆင်းရဲဒုက္ခမျိုးစုံ ခံစားနေရသော သတ္တဝါတို့ကို ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေရန် သက်တော် ၈၀ အရွယ်တော်တိုင် တစ်ရက်လျှင် ၃-နာရီခန့်မျှသာ အနားယူတော်မူပြီး မနေမနား လမ်းညွှန်ဟောကြားတော်မူခဲ့သည်။ မြတ်ဗုဒ္ဓ၏ ဟောကြားလမ်းညွှန်ချက်များတွင် လောကီဘဝ လက်ငင်းဒုက္ခများမှ ကင်းလွတ်ကျော်ဖြတ်နိုင်စေသော အခြေခံနည်းလမ်းများမှ အစပြု၍ မဂ်ဖိုလ်ချမ်းသာရရှိပြီး သံသရာဝဋ်ဒုက္ခစက်ဝန်းမှ လွတ်ကင်းထွက်မြောက်နိုင်သော အထက်တန်းစား နည်းလမ်းများ ပါဝင်သည်။

As the outcome of the fulfilment of ten perfections such as **da,napa,rami**, **si*f*lapa,rami**, etc. which had been fulfilled through the duration of four Asan-khyeyas and one hundred thousand world cycles, he attained All- Enlightened Buddhahood at the age of 35. As he knows whatever to be known he is called "Sabban...n...u, Buddha". In order to make sentient beings release from dirrerent kinds of sufferings, he had restlessly been working for 45 years through his life taking a rest just for about 3 hours a day. The basic principles of living which can overcome worldly sufferings of every day life and the highest ways of practice which can lead to the deliverance of sam-saric sufferings are completely included in his teachings.

www.dhammaransi.com



## ပဓာနကျင့်စဉ်သုံးပါး

ဘုရားရှင်၏ သာသနာတော်ကို ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မာပိဋက ဟူ၍ သုံးစုသုံးပုံ ခွဲခြားထားသည်။ ဝိနယပိဋကသည် စည်းကမ်းလိုက်နာဖွယ်ရာ ဥပဒေသများ ဖြစ်သည်၊ ယင်းကိုပင် သီလဟူ၍ အကျဉ်းချုံးပြောနိုင်၏။ ကိုယ်ကျင့်တရား **သီလသိက္ခာ**ဖြစ်သည်။ သုတ္တန္တပိဋကသည် နည်းလမ်းအတိုင်း စူးစူးစိုက်စိုက် ကျင့်ကြံနေထိုင်သွားနည်းဖြစ်သည်။ ယင်းကိုပင် သမာဓိဟူ၍ အကျဉ်းချုံးပြောနိုင်၏။ စူးစိုက်မှု **သမာဓိသိက္ခာ** ဖြစ်သည်။ အဘိဓမ္မပိဋကသည် သဘောတရား၊ သဘာဝတရားဖြစ်သည်။ သဘောတရား သဘာဝတရားများကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းပီပြင်စွာ အမှန်အတိုင်း အရှိအတိုင်း သိမြင်နိုင်စေရန် ထုတ်ဖော်ထားသည်။ အမှန်အတိုင်း သိရသည့် **ပညာသိက္ခာ** ဖြစ်သည်။ ယင်းသို့ ဒေသနာတော်များ၏ ကျင့်သုံးမှုအစဉ်ကို သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူ၍ အဆင့်ဆင့် တည်ဆောက်ထားသည်။ သီလ- ကိုယ်ကျင့်တရားပြည့်စုံပါမှ သမာဓိ-စူးစိုက်တည်ကြည်မှုရရှိသည်။ သမာဓိစူးစိုက်တည်ကြည်မှု ရရှိမှ သာလျှင် ပညာ-ထိုးထွင်းသိမြင်နိုင်သော ဉာဏ်ကို ရရှိသည်။

## The Main Triple Mode of Training

The teachings of the Buddha are basically devided into three parts: (1) Vinaya Pit™aka (2) Suttanta Pit™aka and (3) Abhidhamma Pit™aka. Vinaya Pit™aka is composed of **rules and regulations** for an appropriate life-style of monks and laymen; it can also be denoted as 'Moral Precepts' or 'Ethical Practice', "**Sifla Training**". Suttanta Pit™aka is meant "**a way of living with a good intention**" which must be steered by the control of concentration; it can also be called "concentration" in brief- "**Sama,dhi training**". Abhidhamma Pitaka explains '**natural phenomena**' or **philosophically systematic analysis of natural phenomena** in order to know them as they really are; it is named "**Pan…n…a, training**" which can give knowledge about everything in detail. In this way the process of trainings- **Sifla**, **Sama,dhi** and **Pan…n…a.** are established stage by stage in the teachings of the Buddha. Only when Sifla training has been established, can Sama,dhi training be established. Only with the establishment of Sifla and Sama,dhi, Pan…n…a, or Enlightenment can be attained.

**ဦးအောင်သိန်းညွန့်**

**U Aung Thein Nyunt**

www.dhammaransi.com



# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လမင်း

ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်များသင်တန်းအမှတ်စဉ်(၂၆)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအခြေခံပညာပေးသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်းအမှတ်စဉ်(၂၆)၊ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဇမ္ဗူသီရိဗိမာန်တော်၌ ၂၀၁၆-ခုနှစ်၊ ဇွန်လ(၁၆) ရက်၊ မွန်းလွဲ ၂း၀၀နာရီတွင် ကျင်းပခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယဆရာတော်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း အမှုထမ်းများ၊ သင်တန်းနည်းပြဆရာများ တက်ရောက်ကြပါသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး

www.dhammaransi.com





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသမဟာထေရ်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပါသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသွံသာရဆရာတော်ဘဒ္ဒန္တကုမာရမဟာထေရ်က သင်တန်းဆင်းသြဝါဒကထာ မြွက်ကြားတော်မူခဲ့ပါသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးမင်းထွန်းမှ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်နှင့်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်းဗဟိုကော်မတီဝင်၊ ရခိုင်ပြည်နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာအေးမောင်က နယ်စပ်ဒေသများတွင် ထေရဝါဒဗုဒ္ဓသာသနာတည်တံ့ထွန်းကားရေးနှင့်ပတ်သက်ပြီး လျှောက်ထားခဲ့ပါသည်။

www.dhammaransi.com



အမှတ် ... ရက်စွဲ ...၁၇-၈-၁၁

ယင်းနောက် ဆရာတော်အရှင်သူမြတ်တို့အား ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကြွရောက်လာသော ဧည့်သည်တော်များက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက်နှစ်စဉ် ရဟန်းတော်သင်တန်းများဖွင့်လှစ်သည့် အခါတိုင်း လှူဒါန်းမြဲဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ(ကိုယ်စား)တွဲဖက်အတွင်းရေးမှူး(၄) သုဓမ္မဇောတိကဓဇ လူမှုထူးချွန် ဒေါက်တာရဲအောင်မှ သင်တန်းသားရဟန်းတော်(၃၇)ပါးအတွက် တစ်ပါးလျှင် (၂)သိန်းနှုန်းဖြင့် အလှူငွေ(၇၄)သိန်းလှူဒါန်းခြင်း၊ စိန်နန်းတော် ရွှေနန်းတော်ရတနာရွှေဆိုင် မိသားစု ဒေါက်တာအောင်ကျော်ဝင်းနှင့်ဇနီး ဒေါက်တာ သက်သက်ခိုင်တို့မှ နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူတော်ငွေ ကျပ်သိန်း ၂၀၀ လှူဒါန်းခဲ့ပါသည်။

ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရမှ သင်တန်းသားရဟန်းတော်များအား သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်ရာ သင်တန်းသားဆရာတော်များကိုယ်စား ဘဒ္ဒန္တကုသိုလ် လက်ပံဃသာသနာပြုဌာန၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးက လက်ခံရယူပါသည်။

ဆက်လက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက အခြေခံပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ပြီးနောက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့၊ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တက္ကန္ဒောဘာသထံမှ အနုမောဒနာရေစက်ချတရားနာယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနားအပြီးတွင် သင်တန်းဆင်းရဟန်းတော်များအား အလှူရှင်များမှ နဝကမ္မ အလှူငွေ၊ သင်္ကန်း ဆေးနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူကြပါသည်။ လှူဒါန်းငွေစုစုပေါင်းမှာ ကျပ် ၆၆ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိပါသည်။

www.dhammaransi.com

# မိမိပြုသောကံသည်သာလျှင်

သတ္တဝါတို့၏ သန္တာန်၌
ကောင်းသော ဆောက်တည်ခြင်းရှိသော
မကောင်းသော ဆောက်တည်ခြင်းရှိသော စိတ်သည်
ထိုသတ္တဝါတို့၏ အကောင်းအဆိုး၊ အကျိုးအပြစ်ကို
ဖြစ်ပေါ် စေသည့် ဖန်ဆင်းရှင်အစစ်ဖြစ်၏။
ကောင်း၊ မကောင်းဟူသော
လောကဓံတို့နှင့် ရင်ဆိုင်ရသောအခါ
အခြားမည်သူ့အားမျှ အပြစ်မမြင်၊ ပြစ်မတင်ဘဲ
မိမိပြုသောကံ (စိတ်) သည်သာလျှင်
ပြုသူအစစ်ဖြစ်ကြောင်း ကောင်းစွာ မှတ်ယူရာ၏။

စိတ္တဝဂ် (ဓမ္မပဒ-၄၂)